# ကြေးမုံ
The Mirror Daily
Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 19 September 2019 ၉၇၇၇


# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နန်နင်းမြို့သို့ ရောက်ရှိ

နန်နင်း စက်တင်ဘာ ၁၈

**ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာသည်။**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mrs. Li Xiaoyan နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများလိုက်ပါ**

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့အား နန်နင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**မက်မန်းမြို့နယ်တွင် တိုင်းရင်းသား လူငယ်များ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၄

**ကြာအင်းဆိပ်ကြီးမြို့နယ်(သင်္ကော)သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ တံတားလေးခုအား သံကူကွန်ကရစ်တံတားများအဖြစ် ရန်ပုံငွေခွဲဝေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်**

စာမျက်နှာ » ၅

**ဘရက်ဆစ်(သို့မဟုတ်) ကွဲကြေမှုများ၏ နိဒါန်းလော ခေါင်းစဉ်ဖြင့် ကမ္ဘာရေးရာဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၉


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းပြုစုပျိုးထောင်

“ပြည်သူလူထုရဲ့အသက်၊ သွေး၊ ချွေးနဲ့ ဘဝတွေပေးဆပ်ပြီးမှ ခက်ခက်ခဲခဲ ရရှိလာတဲ့ ဒီမိုကရေစီအပင်ပေါက်လေးကို အညွန့်ချိုးမခံရအောင် အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင် စောင့်ရှောက်ပေးကြစေလိုပါတယ်။ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ငေးငိုင်မနေကြရန်၊ အလစ်အငိုက်မမိကြရန် အရေးကြီးလှပါတယ်”ဟု နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ကျင်းပခဲ့သော ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး ရည်မှန်းချက်ဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်အတူ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုသို့ကြိုးပမ်းအားထုတ်မှုကို ကြည့်မည်ဆိုပါက ကာလအားဖြင့် သုံးနှစ်ကျော်မျှသာ ရှိသေးသည်။ ထိုကာလအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရေးလုပ်ငန်းစဉ်များမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု ဆိုနိုင်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ပြဿနာများကြားမှ ဆိတ်သုဉ်းခဲ့သည့် ဒီမိုကရေစီအခွင့်အရေးများနှင့် ဆုံးရှုံးခဲ့သည့် ဖက်ဒရယ်အခွင့်အရေးများ ပြန်လည်ရရှိရန် ကြိုးပမ်းဆောင်ရွက်နေသည်။ ယနေ့ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီအခွင့်အရေးများနှင့် တိုင်းရင်းသားပြည်သူများ မျှော်မှန်းတမ်းတသည့် ငြိမ်းချမ်းရေး၊ ဖက်ဒရယ်အရေးတို့သည် ရှင်သန်စကာလ အညွန့်အတက်အညှောက်များကဲ့သို့ ရရှိလာပြီဖြစ်သည်။ ထိုသို့ရခဲ့သည်မှာ လွယ်လွယ်ကူကူမဟုတ်ချေ။ နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။

ဤမျှကြိုးပမ်းရုန်းကန်ခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝများကို အကောင်အထည်ဖော်သောသူများသာမက ပြည်သူများလည်း မေ့နိုင်မည် မဟုတ်ချေ။ ရှည်လျားကြမ်းတမ်းသော ဘဝဖြတ်သန်းမှုများနှင့် ရရှိလာသောအဆင့်မှာ မည်မျှရှိသေးသည်ကို ပြည်သူများအနေဖြင့် ချင့်ချိန်သုံးသပ်ကြည့်ရမည်ဖြစ်သည်။ ဒီမိုကရေစီကို လိုလားသူပြည်သူများ အမြောက်အမြားရှိသလို မလိုလားသူ၊ နှောင့်ယှက်ဖျက်ဆီးလိုသူများရှိသည်ကို သိရှိနားလည်ကြမည်ဖြစ်သည်။ ဒီမိုကရေစီလမ်းခရီးမှာ ယခုမှပင် စတင်အခြေချစရှိနေသေးပြီး ပန်းတိုင်နှင့် အလှမ်းဝေးနေသေးသည်ကို သတိချပ်ရမည်ဖြစ်သည်။

ခိုင်မာသော ဒီမိုကရေစီအဆင့်သို့ ရောက်ရှိလာစေရေးအတွက် ညီညီညွတ်ညွတ် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်မှသာ မျှော်မှန်းသောပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ပန်းတိုင်သို့ရောက်ရှိရေးအတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လိုက်လျောညီထွေဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်သလို စည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်သည်။

ဒီမိုကရေစီသဘောသဘာဝအရ အမြင်မတူ သဘောကွဲပြားမှုများ ရှိမည်ဖြစ်သော်လည်း နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် တူရာတူရာတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ဦးထိပ်ထားပြီး စေ့စပ်ညှိနှိုင်း၊ ပေါင်းစပ်လက်တွဲခြင်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာမှသာလျှင် ရည်မှန်းချက်ပန်းတိုင်ကို ဖြောင့်တန်းစွာလျှောက်နိုင်မည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဖြူစင်သည့်စိတ်ထား၊ မှန်ကန်သည့်လုပ်ဆောင်ချက်၊ မျှတသည့်သဘောထားများထားရှိကာ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ သဘောထားကြီးခြင်းတို့ကို ပြသကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုတောင်းလှသော အသွင်ကူးပြောင်းမှုကာလတွင်ပင် ဒီမိုကရေစီ အဖူးအညွန့်လေးများ ဖူးပွင့်လာပြီဖြစ်သည်ကို သတိမူပြီး ဒီမိုကရေစီအဖူးအပွင့်များ ဆက်လက်ရှင်သန် ခိုင်မာဖွံ့ဖြိုးလာရေး၊ ခိုင်မာအားကောင်းမြဲမြံတောင့်တင်းသည့် ဒီမိုကရေစီသစ်ပင်ကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးကြီးထွားလာရေး၊ ဒီမိုကရေစီအသီးအပွင့်များကို အားလုံးမျှတစွာ ခွဲဝေခံစားနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ရန်ကင်းကလေးဆေးရုံကြီးတွင် ကုသဆောင်သစ်ဖွင့်လှစ် ဆီးနှင့် ကျောက်ကပ်ရောဂါကုသမှုများ လက်ခံဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကင်းကလေးဆေးရုံကြီးတွင် ဆီးနှင့် ကျောက်ကပ်ရောဂါများကို ထိရောက်စွာ ကုသနိုင်ရန်အတွက် ဖေဖော်ဝါရီလမှ စတင်ကာ ကုသဆောင်သစ် ဖွင့်လှစ်၍ ကျောက်ကပ်ရောဂါဝေဒနာခံစားနေရသည့် ကလေးငယ်များအား ကုသမှုများ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကင်းကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်က ပြောကြားသည်။

“အရင်က နေရာအခက်အခဲကြောင့် အတွင်းလူနာတွေအနေနဲ့ လူနာဆောင်သီးခြားဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဆေးကုဆောင်နဲ့ ICU တွေမှာပဲ လူနာတွေကို ထားရှိပြီး ကုသပေးခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ကျွန်မတို့ ဆေးရုံမှာ လူနာဆောင်သီးခြားဖွင့်လှစ်ဖို့ နေရာ အဆင်ပြေသွားတဲ့အတွက် ဆီးနဲ့ ကျောက်ကပ် ဆေးကုသဆောင်ကြီးကို ဝန်ကြီးဌာနရဲ့ ပံ့ပိုးကူညီမှု၊ အလှူရှင်တွေရဲ့ ဝိုင်းဝန်းလှူဒါန်းမှုတွေနဲ့ မွမ်းမံပြင်ဆင်ခဲ့ပြီး ဖေဖော်ဝါရီလမှာ အတွင်းလူနာတွေ ထားရှိ ကုသပေးနိုင်တဲ့ ကုသဆောင်သစ်ကို ဖွင့်လှစ်နိုင်ခဲ့တာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဌာနအနေဖြင့် ကျောက်ကပ်ဝေဒနာခံစားရသူများ၊ မွေးကိုက်ခံရပြီး ကျောက်ကပ်ကောင်းစွာ အလုပ်မလုပ်နိုင်သူများအတွက် ကျောက်ကပ်သန့်စင်ခြင်းများကိုဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ပြုစုကုသပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ကျောက်ကပ်ဝေဒနာရှင် ဆေးရုံတက်ကလေးလူနာပေါင်း ၄၁၅ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၉၅ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၅၃၈ ဦးအထိ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် PD (ဝမ်းဗိုက်တွင်း ပိုက်ထည့်၍ ကျောက်ကပ်ဆေးခြင်း) နှင့် HD (ကျောက်ကပ်ကုစက်ဖြင့် ကျောက်ကပ်သန့်စင်ခြင်း)တို့ပြုလုပ်ပေးမှုအနေဖြင့် ၂၀၁၆ မှ ၂၀၁၉ ခုနှစ်အထိ လူနာစုစုပေါင်း ၁၃၆ ဦးအထိ ရှိပြီဖြစ်ပြီး လက်ရှိတွင် ဆီးနှင့် ကျောက်ကပ် ဆေးကုသဆောင်၌ လူနာ ၁၉ ဦး တက်ရောက်ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကုသမှုများခံယူရာတွင် ဆီးနှင့် ကျောက်ကပ်ဝေဒနာရှင် ကလေးငယ်များ ၎င်းတို့ခံစားနေရသည့် ရောဂါဝေဒနာများ တဒင်္ဂလျော့နည်းပြီး စိတ်ပျော်ရွှင်ကြည်နူးမှုများ ရရှိစေရန်နှင့် Kids Friendly Environment တစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ရန်ကင်းကလေးဆေးရုံကြီး ဆီးနှင့် ကျောက်ကပ် ဆေးကုသဆောင်၌ ငွေကျပ်သိန်း ၃၆၀ ကျော်တန်ဖိုးရှိ HP Latex ink ဖြင့် ရိုက်နှိပ်ထုတ်လုပ်ထားသည့် 3M အမျိုးအစား နံရံကပ်အလှရုပ်ပုံများနှင့် စတေကာများအား Xenon ကုမ္ပဏီက ဒုတိယအကြိမ် တပ်ဆင်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပရာ အဆိုပါ အခမ်းအနား၌ ဆေးရုံအုပ်ကြီးက အထက်ပါ အကြောင်းအရာများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် နံရံကပ်အလှရုပ်ပုံများနှင့် စတေကာများ တပ်ဆင်လှူဒါန်းမှုအပြင် ၁၉၈၆ ခုနှစ် လသာ (၂) ကျောင်းသူဟောင်းများအသင်းက ဆီးနှင့် ကျောက်ကပ်ဆေးကုသဆောင်အတွက် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ပြီး လှူဒါန်းမှုများအတွက် အလှူရှင်အသီးသီးအား ဆေးရုံအုပ်ကြီးက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးမင်းသူ**



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၁,၆၄၇ | ၁၉,၆၆၉,၅၀၀ |
| MTSH | ၄,၄၀၀ | ၄,၄၀၀ | ၁၆,၅၆၈ | ၇၂,၈၉၉,၂၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၅ | ၄၂,၅၀၀ |
| FPB | ၂၆,၀၀၀ | ၂၅,၅၀၀ | ၆၁ | ၁,၅၇၉,၅၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၂၃၄၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၅/၈၁၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၆.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၆.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၆.၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၅၀.၃၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၇၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၉.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၈၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❑ ရှေ့ဖုံးမှ

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး Mr. Huang Shiyong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် လိယွမ်အစိုးရဧည့်ဂေဟာသို့ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ **သတင်းစဉ်**

## ပို့ဆောင်နှုတ်ဆက်

**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mrs. Li Xiaoyan နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. John Nielsen နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဒိန်းမတ်-မြန်မာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်၌ ဆောင်ရွက်လျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. John Nielsen နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တရုတ်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေးဆောင်ရွက်နေမှု၊ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)အရ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်နေသည့် အခြေအနေ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် ပြည်ပအဖွဲ့အစည်းများအား ဖိတ်ကြားမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## မြောင်းမြတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**မြောင်းမြ စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ်သမဝါယမဦးစီးဌာနက ကြီးမှူးကျင်းပသော သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသမဝါယမကော်မတီအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၁၈ ရက်တွင် မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးက သမဝါယမလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမဦးစီးဌာနမှ တရုတ် EXAM Bank ချေးငွေဖြင့် အတိုးနှုန်းသက်သာစွာ ငွေချေးပေးခြင်းလုပ်ငန်းများနှင့် တောင်သူဦးကြီးများ လယ်ယာသုံးစက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ကိုယ်ပိုင်ရရှိအောင် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားပြီး ချေးငွေနှင့် ပြန်ဆပ်ငွေများ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းဖြင့် သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# မက်မန်းမြို့နယ်တွင် တိုင်းရင်းသားလူငယ်များ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အစီရင်ခံစာ ၃ ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်အတွင်းရှိ ဒေသခံ “ဝ” (လွယ်လ)၊ လားဟူ၊ ရှမ်းတိုင်းရင်းသားများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ လူငယ်သင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ မက်မန်းခရိုင် မက်မန်းမြို့နယ်တွင် တိုင်းရင်းသားလူငယ်များ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းဖွင့်လှစ်ရန် လိုအပ်သော မြေနေရာ ၅ ဧက ရရှိရေးအတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ လိုအပ်သော မြေနေရာရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ရှမ်းပြည်နယ်အစိုးရနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့်မြေနေရာရရှိပါက သင်တန်းကျောင်း ဆောက်လုပ်ဖွင့်လှစ်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**တမူးမြို့နယ်အတွင်းရှိ အိမ်တွင်းမှုသင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသည့် အမျိုးသမီးငယ်များအနေဖြင့် အိမ်တွင်းမှုသင်တန်းကျောင်း (ကလေး) တွင် ကျောင်းအိပ် ကျောင်းစားဖြင့် တက်ရောက်နိုင်**

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နယ်အတွက် လိုအပ်နေသော အိမ်တွင်းမှုသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ အထိ) တွင် လျာထားပါဝင်မှုမရှိခြင်းကြောင့် တမူးမြို့နယ်တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ခြင်း မရှိပါကြောင်း၊ တမူးမြို့နယ်အတွင်းရှိ အိမ်တွင်းမှုသင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသည့် အမျိုးသမီးငယ်များအနေဖြင့် တမူးမြို့မှ ၈၀ မိုင်ခန့် ကွာဝေးသည့် အိမ်တွင်းမှုသင်တန်းကျောင်း (ကလေး) တွင် ကျောင်းအိပ်ကျောင်းစားဖြင့် တက်ရောက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများကို ယခုလက်ရှိ အရေအတွက်ထက်ပိုပြီး ခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဘဏ္ဍာရေးနှစ်အလိုက် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ အဆောက်အဦဟောင်းများ ပြုပြင်ခြင်း၊ စီမံ၊ သင်ကြားရေးဌာနများ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဆရာ ဆရာမများ ခန့်အပ်ရေးကိစ္စရပ်များအား လျာထားတင်ပြလျက်ရှိပါကြောင်းနှင့် ခွင့်ပြုမိန့်ရရှိမှုအပေါ်မူတည်၍ ကျောင်းသားကျောင်းသူများ တိုးမြှင့်ခေါ်ယူနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **ကန်ပက်လက်မြို့အတွင်း ဓာတ်အားဖြန့်ဖြူးရေး အဆင်ပြေလုံလောက်စေရန်အတွက် ၆၆/KV ဓာတ်အားခွဲရုံ (၁)ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကန်ပက်လက်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားကို ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဖြန့်ဖြူးပေးထားခြင်းဖြစ်ပါကြောင်း၊ ကန်ပက်လက်မြို့နယ်အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများအား တိုးတက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ဆောဓာတ်အားခွဲရုံမှ ကန်ပက်လက်မြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၉ မိုင်ခန့်နှင့် ကန်ပက်လက်မြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



တမူးမဲဆန္ဒနယ်မှ
ဦးနိုင်နိုင်ဝင်း



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ကန်ပက်လက်မဲဆန္ဒနယ်မှ
ဦးညွန့်ဝင်း



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



မက်မန်းမဲဆန္ဒနယ်မှ
ဦးတင်အေး

တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေတွင် ဆောင်ရွက်ရန် စီမံချက်ရေးဆွဲလျာထားပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေအတည်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **မင်းဘူး-စလင်း လမ်းမကြီးနှင့် အမှတ်(၄)အထည်စက်ရုံ၊ စိုက်ပျိုးရေးဝါတပ်သို့ ဖောက်လုပ်ထားသော ကတ္တရာလမ်းအား ပြင်ဆင်မည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ကလည်းကောင်း၊ ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ **ရွှာငံမြို့နယ် လင်းဝေးကျေးရွာနှင့် သိမ်ကုန်းကျေးရွာချင်းဆက်လမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ **ဖားဆောင်းမြို့နယ် ကယားလူမျိုးစု အများဆုံးနေထိုင်သော ဝမ်အောင်း(ကယား)၊ ချီးတွဲ၊ ဆောင်းလောကျေးရွာများသို့သွားသော ပေ ၄၀၀ အရှည်ရှိ ပွန်ချောင်းတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ကလည်းကောင်း၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၏ **လဲချားမြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန် သိမ်းဆည်းခဲ့သော မြေ ၂ ဒသမ ၅ ဧကအား မြို့နယ်လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များတွင် အသုံးပြုနိုင်ရေးအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့နယ်ရှိ ကျောက္ကာရွာ ရေနံချက်ဖိုများနှင့် ဖန်ခါးကျင်းနယ်မြေ ရေနံချက်ဖိုများ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးရှိ ရေနံချက်ဖိုများကို ပိုမိုအဆင့်မြင့်သော ရေနံချက်စက်ရုံများအဖြစ် မြေရေိယာ(၂) ဧကဖြင့် တည်ဆောက်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လှိုင်လင်မြို့နယ်အတွင်းရှိ တောင်နောက်ကျေးရွာအုပ်စု၊ ပန်ဝိုးကျေးရွာအုပ်စု၊ ကုန်းယောကျေးရွာအုပ်စု၊ နမ့်ထမိုကျေးရွာအုပ်စု၊ ပင်လုံအရှေ့ကျေးရွာအုပ်စုနှင့် နောင်လိုင်ကျေးရွာအုပ်စုများတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က ကော်မတီ၏ **မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံ ဆရာ ဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှု အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ကော်မတီဝင် ဦးဝင်းထူးက ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို စက်တင်ဘာ ၁၉ တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်

## UNICEF Myanmar မှ Ms. Alison Rhodes နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် သည် UNICEF Myanmar မှMs. Alison Rhodes နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-12 ) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကလေးသူငယ်များနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေး မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် UNICEF နှင့် ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စ၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ အခမ်းအနား ကျင်းပပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ အခမ်းအနားတွင် ကလေးသူငယ်များ၊ လူငယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များတွေ့ဆုံနိုင်ရေး၊ အခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းသားကျောင်းသူများ၊ လုပ်ငန်းခွင်ဝင်လူငယ်များ၊ ပဋိပက္ခဒေသများရှိ လူငယ်များ စုံလင်စွာ တက်ရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ကြာအင်းဆိပ်ကြီးမြို့နယ် (သင်္ကော) သံဖြူဇရပ် - ဘုရားသုံးဆူလမ်းပေါ်ရှိ တံတားလေးခုအား သံကူကွန်ကရစ်တံတားများအဖြစ် ရန်ပုံငွေခွဲဝေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၍ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ **မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီးရှိ စကျင်တောင်ကြီးမှ Pacific Bold Paragon Co.,Ltd. မှ စကျင်ကျောက်များ ထုတ်ယူနေခြင်းအား ရပ်ဆိုင်းပြီး နိုင်ငံတော်မှ ပြန်လည်ကွပ်ကဲထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာန၊ (ယခင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း)၊ (ယခု အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း) တို့သည် မတ္တရာမြို့နယ် စကျင်ကျေးရွာ ကမ္ဘတောင် မာဘယ်ကျောက်လုပ်ကွက် (၁၃၅ ဒသမ ၉၆) ဧကအတွက်သာ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကျောက်ပြားစက်ရုံတည်ဆောက်ခြင်း၊ Pacific Bold Paragon Group Co.,Ltd. သို့ နှစ်ရှည်စာချုပ်ချုပ်ဆိုပြီး စက်ရုံကို ငှားရမ်းခြင်းတို့မှာ စက်မှုဝန်ကြီးဌာန၏ သီးခြားအစီအစဉ်များသာ ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)

လွှတ်တော်ကိုယ်စားလှယ်မေးခွန်းတွင်ပါရှိသည့် နိုင်ငံတော်မှ ပြန်လည်ကွပ်ကဲထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ခေတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်ခြင်း မရှိတော့ဘဲ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း (ယခင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း) သို့ မာဘယ် (အလှဆင်) ကျောက်လုပ်ကွက်ကို ခွင့်ပြုမိန့်ထုတ်ပေးထားပြီး ဖြစ်ပါ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်စိစစ်သုံးသပ်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် (သင်္ကော) သံဖြူဇရပ် - ဘုရားသုံးဆူလမ်းပေါ်ရှိ တံတားလေးခုအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် တံတားလေးစင်းအား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ချင်းတွင်းကျေးရွာနှင့် ဝက်ပုတ်ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ၁၈ ပေအကျယ် မြေသားလမ်း**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစောစိန်ထွန်း

**အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဘုတလင်မြို့နယ်ရှိ ချင်းတွင်းကျေးရွာနှင့် ဝက်ပုတ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် မြေသားလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့်(၁) ၌ ပါဝင်သည့်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက်လာစေရေးအတွက် အခွန်ဆိုင်ရာ ကောက်ခံနှုန်းထားများ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးထွန်းထွန်းဦး၏ **ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်း ရောင်းချဖြန့်ဖြူးနေသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးခြင်းတို့ကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ် ဘီးလင်းမြို့ရှိ စက်မှု(၁)မှ သိမ်းယူထားခဲ့ပြီး ပုဂ္ဂလိကကို ပေးထားသော ဘိုးလှကြီးရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာနှင့် ဘောလုံးကွင်းတို့ပါဝင်သည့် မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများကို လျော့ချနိုင်သည့် မြန်မာ့ရေတိမ်ဒေသများကို ရေရှည်တည်တံ့စေရေး မည်သို့ထိန်းသိမ်းကာကွယ်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ **အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ဝန်ကြီးဌာနများ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများကို အလေးထားပြီး ဖြေဆိုမှုမပြုလုပ်ခြင်းများသည် ပြည်သူများ၏ လိုအပ်ချက်များကို ဥပေက္ခာပြုရာရောက်ပြီး လွှတ်တော်ကိုလည်း လေးစားမှုအားနည်းသကဲ့သို့ ဖြစ်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ တင်ပြချက်၊ လိုအပ်ချက်များကိုသာ လွှတ်တော်အတွင်း မေးမြန်းဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အလေးထားပြီး ပြည့်စုံလုံလောက်သော အဖြေရရှိရေးအတွက် ကော်မတီအနေဖြင့်လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်လည်းကောင်း တိုက်တွန်းပေးသင့်ပါကြောင်း၊ ကော်မတီ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏လိုအပ်ချက်များကို တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်းများဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ လွှတ်တော်ကိုလည်း ပြည်သူများ အားကိုးလာနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိ**



ဒုတိယဝန်ကြီး ဦးကျော်လင်း



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ

**များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက** ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးပေးခဲ့ကြပြီး အကြံပြုတင်ပြပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို ကော်မတီမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ နောင်ပုံမှန်အစည်းအဝေးဖြစ်သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပနေသည့်ရက်များတွင် ကော်မတီဝင်များနှင့် ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများကို ခေါ်ယူဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း နောင်ပုံမှန်အစည်းအဝေးများတွင် ကော်မတီ၏ အစီရင်ခံစာကို အကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေ က ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

**အသိပေး နှိုးဆော်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင်စသည့် ပွဲတော်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်နိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပိုမိုသက်ဝင်လှုပ်ရှားလာတော့မည့် လူထုအခြေပြုဗဟိုဌာနများ

**အေးမြင့်အောင်**

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်က ဗြိတိသျှတွေးခေါ် ပညာရှင် ဖရန်စစ်ဘေကွန်၏ “Knowledge is Power” ဆိုသည့် စကားတစ်ခွန်း ပေါ်ထွက်လာခဲ့သည်။ ယင်းစကားထွက်ပေါ်ပြီးသည့်နောက်ပိုင်း လူ့အဖွဲ့အစည်းများ၏ ဦးတည်ရာ(Trend)များသည် အသိပညာဘက်သို့ တဖြည်းဖြည်း ရွေ့လျားပြောင်းလဲလာခဲ့သည်။

အထူးသဖြင့် ၂၀ ရာစုနောက်ပိုင်းတွင် လူ့အဖွဲ့အစည်းတိုင်းလိုလိုက ဉာဏအခြေခံသော လူ့အဖွဲ့အစည်းနှင့် ဉာဏအခြေခံသော စီးပွားရေးပုံစံများသို့ သူ့ထက်ငါ အပြိုင်အဆိုင် ပြောင်းလဲလာကြသည်။ တစ်နည်းအားဖြင့် အသိပညာကို ထုတ်လုပ်မှု အရင်းအမြစ် (Productive Resources) တစ်ခုအဖြစ် သဘောထားကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ အနိုင်ဖဲတစ်ချပ်ပမာ အသုံးချလာခဲ့ကြသည်။

ခေတ်အဆက်ဆက်လေ့လာကြည့်လျှင် ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကို အသိပညာ အခြေခံသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ပုံဖော်ကြိုးပမ်းခဲ့ကြကြောင်း တွေ့ရှိရသည်။ သို့ရာတွင် မူဝါဒသဘောထားရပ်တည်ချက်များ၊ လုပ်နည်းလုပ်ဟန်များ၊ ချဉ်းကပ်ပုံဖော်မှုများ ကွဲပြားခြင်းကြောင့် ခရီးရောက်မှုပမာဏ ကွဲပြားမှုများရှိခဲ့သည်။ ယနေ့အချိန်တွင် လူထုအခြေပြုဗဟိုဌာနများတည်ထောင်၍ ပြည်သူများ အသိပညာမြင့်မားအောင် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းသည် ယခင်ခေတ်ကာလအခြေအနေများထက် အတော်အသင့် ခရီးရောက်ပြီး ခရီးပေါက်နေသည်ဟု ဆိုနိုင်သည်။

**လူထုအခြေပြုဗဟိုဌာနအစ ကော့မှူးမြို့နယ်က**

စာကြည့်တိုက်ဆိုသည်မှာ လူ့အဖွဲ့အစည်းတိုင်းအတွက် မပါမဖြစ်ရှိနေသည့် လူထုဆက်ဆံရေးမှူးတစ်ဦးပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ပြောင်းလဲလာသည့် အခြေအနေများအရ စာကြည့်တိုက်များသည် စာအုပ်စာပေ ငှားရမ်းပေးနိုင်သည့် နေရာတစ်ခုသာ မကတော့ဘဲ လူထုအခြေပြုဗဟိုဌာနအဖြစ် ပြည်သူများ အကျွမ်းတဝင် ဝင်ထွက်သွားလာနိုင်သည့်နေရာ၊ သတင်းအချက်အလက်နှင့် အသိပညာ ရှာမှီးရာနေရာ၊ ဘဝတစ်သက်တာ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများကို မြှင့်တင်ပေးရာနေရာ၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုများဖြင့် လူမှုသဟဇာတဖြစ်သော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာအောင် အထောက်အကူပြုသည့်နေရာများအဖြစ် ပုံဖော်ကြိုးပမ်းလာခဲ့ကြသည်။

၂၀၁၃ ခုနှစ်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကို ငွေကြေးများစွာ အကုန်အကျခံ၍ လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အသွင်ပြောင်းလဲပေးခဲ့သည်။

စာအုပ်အနည်းငယ်ဖြင့် စာကြည့်တိုက်ငယ်တစ်ခုအဖြစ်သာ ဖွင့်လှစ်နေသည့် ယင်းစာကြည့်တိုက်ကို ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်နိုင်သော ဘက်စုံသုံးခန်းမများ ဖြည့်ဆည်းတည်ဆောက်ပေး၍ စာကြည့်တိုက်နှင့် ပြည်သူများ နီးစပ်မှုရှိလာအောင် ဆောင်ရွက်ပေးခဲ့သည်။ ရွေ့လျားစာကြည့်တိုက်ယာဉ်နှစ်စီးဖြင့် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးခဲ့သည်။

တစ်နည်းအားဖြင့် သာမန်စာဖတ်/စာငှားလုပ်ငန်းများသာ ဆောင်ရွက်ပေးနေသည့် စာကြည့်တိုက်ငယ်တစ်ခုကို လူထုအခြေပြုဗဟိုဌာန (Community Centre) တစ်ခုအဖြစ်ရောက်ရှိအောင် စတင်ကြိုးပမ်းပေးခဲ့သည်။

**အရှိန်ကောင်းလာခဲ့**

ကော့မှူးမြို့နယ်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စတင်အကောင်အထည်ဖော်ပေးခဲ့သည့် လူထုအခြေပြုဗဟိုဌာန၏ လှုပ်ရှားမှုများသည် အချိန်တိုအတွင်း လွန်စွာအောင်မြင်လာခဲ့သည်။ ပြည်သူလူထုအတွင်း၌ လူထုအခြေပြုဗဟိုဌာနများ၏ အရေးပါမှုသည် တစ်နေ့တခြား မြင့်မားလာခဲ့ပြီး အခြားနေရာဒေသများ၌ ဆက်လက်ဖွင့်လှစ်အကောင်အထည်ဖော်ဖြစ်အောင် တွန်းအားပေးလာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများ ဖြစ်ပေါ်လာအောင် စီစဉ်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် လူထုအခြေပြုဗဟိုဌာနများကို စီစဉ်ဖွင့်လှစ်ပေးရန် ဆောင်ရွက်ခဲ့သည်။

ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန ၁၆ ခုကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) နှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

**ပြည်သူများ၏ စိတ်အားထက်သန်မှုနှင့် ပါဝင်ဆောင်ရွက်မှု**

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင် လူထုအခြေပြုဗဟိုဌာနများ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အောက်ပါနည်းလမ်းသုံးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

- နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- အကျိုးတူပူးပေါင်းဆောင်ရွက်သည့် (B.O.T) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ စေတနာရှင် အလှူရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင် ကူညီမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်အကောင်အထည်ဖော်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကြီးကို ငွေကျပ် ၄၉၄ သန်းကျော် အကုန်ကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။ အဆိုပါ အဆောက်အအုံကြီးသည် မြန်မာနိုင်ငံတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်အကောင်အထည်ဖော်သည့် ပထမဆုံးလူထုအခြေပြုဗဟိုဌာန အဆောက်အအုံကြီးဖြစ်ပြီး ရန်ကုန်မြို့အတွင်းရှိ ပြည်သူများအတွက် သတင်းအချက်အလက်နှင့် အသိပညာ ရှာမှီးရာ၊ ပြည်သူများအကျွမ်းတဝင် ဝင်ထွက်သွားလာရာ၊ လူငယ်များ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားရာ၊ ပြည်သူများအချင်းချင်း ရပ်ကျိုး ရွာကျိုး တိုင်းကျိုး ပြည်ကျိုးတို့ကို ဆွေးနွေးတိုင်ပင်ရာ နေရာကြီးတစ်ခုအဖြစ် မကြာမီ မြင်တွေ့ကြရတော့မည်ဖြစ်သည်။

ယင်းအဆောက်အအုံကြီးအတွင်း၌ လိုအပ်နေသော ကလေးကစားကွင်းများ၊ ကွန်ပျူတာပစ္စည်းများ၊ အားကစားပစ္စည်းများ၊ ဘက်စုံသုံးခန်းမပစ္စည်းများကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Yangon Petro Co., Ltd. က CSR လုပ်ငန်းအဖြစ် ငွေကျပ်သိန်းပေါင်း ၇၀၀ ကျော် အကုန်ကျခံ၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ရာ ပြည်သူများကိုယ်စား ဝမ်းမြောက်ရပါသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်မှု (B.O.T)စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကြီးတစ်ခုကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်မှုအနေဖြင့် လူထုအခြေပြုဗဟိုဌာန ၁၆ ခုတွင် ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာ အလုံး ၃၁၀၊ စာအုပ်စာစောင် ၁၇၀၄၁၈ အုပ်တို့ကို အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

စေတနာရှင် အလှူရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်မှုအနေဖြင့် -

- ပုသိမ်ကြီးမြို့နယ်ရုံး ရုံးစာကြည့်တိုက်တွင် စေတနာရှင်ပြည်သူများက ပေ ၆၀ × ပေ ၂၀ အရွယ် အဆောက်အအုံတစ်လုံးကို ငွေကျပ်သိန်း ၁၂၀ အကုန်ကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။
- ငါးသိုင်းချောင်းမြို့ရုံး စာကြည့်တိုက်တွင် NTG အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက အရွယ်အစား (၃၆ ပေ × ပေ ၃၀) နှစ်ထပ်အဆောက်အအုံ တစ်လုံးကို ငွေကျပ်သိန်း ၃၆၀ ခန့် အကုန်အကျခံ တည်ဆောက်ပေးမှုဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဧရာမြန်မာ အထွေထွေအာမခံကုမ္ပဏီနှင့် Max Energy ကုမ္ပဏီတို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာကြည့်တိုက်အတွက် စားပွဲနှင့် ဗီရိုများကို ငွေကျပ်သိန်း ၈၀ အကုန်ကျခံ ဝယ်ယူဖြည့်တင်းပေးမှုဖြင့် လည်းကောင်း၊

စာမျက်နှာ ၇ သို့




**နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်လျက်ရှိပြီး မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံပုံစံ။**

**■ စာကြည့်တိုက်များသည် စာအုပ်စာပေ ငှားရမ်းပေးနိုင်သည့် နေရာတစ်ခုသာမကတော့ဘဲ လူထုအခြေပြုဗဟိုဌာနအဖြစ် ပြည်သူများ အကျွမ်းတဝင် ဝင်ထွက် သွားလာနိုင်သည့်နေရာ၊ သတင်းအချက်အလက်နှင့် အသိပညာ ရှာမှီးရာနေရာ၊ ဘဝတစ်သက်တာ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများကို မြှင့်တင်ပေးရာနေရာ၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုများဖြင့် လူမှုသဟဇာတဖြစ်သော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာအောင် အထောက်အကူပြုသည့်နေရာများ အဖြစ် ပုံဖော်ကြိုးပမ်း ...**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် IFES တို့ ပူးပေါင်း၍ ဆိုရှယ်မီဒီယာ အသုံးပြုမှုဆိုင်ရာ မဟာဗျူဟာနည်းလမ်းများနှင့် ရုံးတွင်းအသုံးပြုမှုလမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ IFES မှ တာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် ကော်မရှင်ရုံးမှ အရာထမ်း သင်တန်းသား သင်တန်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES) တို့ ပူးပေါင်း၍ ဆိုရှယ်မီဒီယာ အသုံးပြုမှုဆိုင်ရာ မဟာဗျူဟာနည်းလမ်းများနှင့် ရုံးတွင်း အသုံးပြုမှုလမ်းညွှန် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ IFES မှ တာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် ကော်မရှင်ရုံးမှ အရာထမ်း သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**ထိရောက်စွာအသုံးပြု**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ ဖွင့်လှစ်သည့် သင်တန်းသည် Facebook မှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ထိရောက်စွာ အသုံးပြုနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ အရာထမ်းများအတွက် မွမ်းမံသင်တန်း ဖြစ်ပါကြောင်း၊ ယနေ့ မျက်မှောက်ခေတ် လူမှုဆက်ဆံရေးနယ်ပယ်တွင် ဆိုရှယ်မီဒီယာသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် နေရာယူလာပြီ ဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာ စာမျက်နှာများသည် အသုံးပြုမှုများပြားလာပြီး သတင်းအချက်အလက် မျှဝေရာ နေရာတစ်ခုအဖြစ် အသုံးပြုလာကြသည်ကို တွေ့ရပါကြောင်း၊ ဆိုရှယ်မီဒီယာ အသုံးပြုခြင်းသည် အကျိုးကျေးဇူးများရှိသကဲ့သို့ အန္တရာယ်များ၊ စိန်ခေါ်မှုများလည်း ရှိပါကြောင်း၊ စိန်ခေါ်မှုများဖြစ်သည့် အဆိုးမြင် တင်ပြချက်များ၊ သတင်းအမှားများ၊ တရားမဝင်စာမျက်နှာများ၊ စာမျက်နှာအတုများ စသည်တို့ကို သတိပြုဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် (၂၀၁၉-၂၀၂၂) မဟာဗျူဟာစီမံကိန်း အခန်း (၅)တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော အချက်အလက်များ၊ စာရွက်စာတမ်းများအား ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် Website နှင့် Social Media တို့မှ ရယူ၍ ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုထံ သတင်းအချက်အလက် အမြန်ဆုံးရောက်ရှိနိုင်မည့် Facebook ကိုလည်း အသုံးပြုသွားရမည် ဖြစ်ပါကြောင်း။

**အသိပေးရမည်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် မဲပေးကြမည့် လူငယ်များ (First Time Youth Voter) ငါးသန်းခန့်ရှိမည်ဖြစ်ပြီး လူငယ်များ ရွေးကောက်ပွဲတွင် ပါဝင်လာစေရန် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ အသိပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်များနှင့် ထိတွေ့မှုရှိပြီးဖြစ်သည့် Facebook ကို အသုံးပြုပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် လူငယ်များ စိတ်ပါဝင်စားစွာနှင့် တက်ကြွစွာပါဝင်လာစေရေး စည်းရုံးလှုံ့ဆော်ပေးရမည်ဖြစ်ပါကြောင်း၊ Facebook အသုံးပြုပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သိထားသင့်သည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို ယနေ့သင်တန်းက ပို့ချပေးသွားမည် ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်ပေးရန် ရည်ရွယ်ပြီး Facebook ကို အသုံးပြုရာတွင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ ဖော်ထုတ်၍ ဆိုရှယ်မီဒီယာ အသုံးပြုမှု လမ်းညွှန် (မူကြမ်း) တစ်ခုရရန်အတွက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် တိုးတက်လာသည့် နည်းပညာများနှင့်အညီ ထိရောက်စွာ အသုံးချ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ သင်တန်းသည် တစ်ရက်တာ ပြုလုပ်မည့်သင်တန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် လားရှိုးအခြေစိုက် နိုင်ငံရေးပါတီ ၁၄ ခုမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**လားရှိုး စက်တင်ဘာ ၁၈**

လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် လားရှိုးမြို့ပေါ်ရှိ နိုင်ငံရေးပါတီ ၁၄ ခုမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ခွဲ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြင့်က အမှာစကားပြောကြားခဲ့ပြီး လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက မဲဆန္ဒရှင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ လားရှိုးခရိုင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူနိုင်မှုလုပ်ငန်း ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လားရှိုးမြို့ပေါ်တွင် လူဦးရေ ၂၇၀၀၀၀ ကျော်ရှိပြီး အသက် ၁၈ နှစ်ပြည့် မဲပေးနိုင်သူ ၁၉၂၄၂၃ ဦး ရှိကြောင်းနှင့် မဲရုံပေါင်း ၄၀၃ ရုံ ဖွင့်လှစ်နိုင်ရန် လျာထားကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ၊ လားရှိုးခရိုင် ရွေးကောက်ပွဲကျင်းပရေးကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လားရှိုးမြို့ပေါ်ရှိ နိုင်ငံရေးပါတီ ၁၄ ခုမှတာဝန်ရှိသူများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

တက်ရောက်လာသည့် နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများကလည်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရေး အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

**စာမျက်နှာ ၆ မှ**

မြန်မာကြယ်စင်လင်းဆောက်လုပ်ရေးကုမ္ပဏီက ကလေးစာဖတ်ခန်းအတွက် လိုအပ်သော ပစ္စည်းများကို ငွေကျပ် ၂၅ သိန်း အကုန်ကျခံ ဝယ်ယူပေးမှုဖြင့်လည်းကောင်း စုစုပေါင်းငွေကျပ် ၄၆၅ သိန်းကို CSR လုပ်ငန်းများအဖြစ် ပါဝင်ကူညီခဲ့ကြပါသည်။

- ပုလောမြို့နယ်ရုံး စာကြည့်တိုက်တွင် ၁၈ ပေ× ပေ ၄၀ အရွယ် အဆောက်အအုံတစ်လုံးကို မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကုန်ကျခံ တည်ဆောက်ပေးခဲ့ပါသည်။
- ရွာငံမြို့နယ်ရုံး စာကြည့်တိုက်တွင် ပေ ၇၀ × ပေ ၃၀ အရွယ် အဆောက်အအုံတစ်လုံးကို ရှမ်းပြည်နယ် အစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၃၀ ကျော် အကုန်ကျခံ တည်ဆောက်ပေးခဲ့ပါသည်။
- ဘားအံခရိုင်ရုံး စာကြည့်တိုက်တွင် ပေ ၆၀ × ၂၅ ပေ အရွယ် အဆောက်အအုံတစ်လုံးကို ကရင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၅၀၀ ကျော်အကုန်ကျခံ တည်ဆောက်ပေးခဲ့ပါသည်။

အထက်ပါ အခြေအနေများကို ကြည့်ပါက လူထုအခြေပြုဗဟိုဌာနများ၏ အရေးပါပုံကို ပြည်သူများနားလည်သဘောပေါက်ရုံသာမက မိမိတို့တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

**လူထုအခြေပြုဗဟိုဌာနများ၏ သက်ဝင်လှုပ်ရှားမှုများ**

ဖွင့်လှစ်ပြီးဖြစ်သည့် လူထုအခြေပြုဗဟိုဌာနများအနေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်-

- ဝါသနာတူ ပြည်သူအချင်းချင်း ပူးပေါင်း၍ မိမိတို့ဝါသနာပါရာ ကလပ်အသင်းများ ဖွဲ့စည်းကာ ဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ပညာပေးအစီအစဉ်များ ကျင်းပစေခြင်း၊
- ရပ်ရွာအခြေပြု လူမှုရေးအဖွဲ့အစည်းများအတွက် အထောက်အကူပြုရာ၊ ရပ်ရွာကောင်းရာကောင်းကျိုး ဆွေးနွေးတိုင်ပင်ရာ၊ သတင်းအချက်အလက် ဖလှယ်ရာနေရာအဖြစ် စီစဉ်ဖန်တီးပေးခြင်း၊ ပြည်သူ့စကားဝိုင်း (Public Talk)များ ကျင်းပခြင်း၊
- ကျောင်းသားလူငယ်၊ လူရွယ်များအတွက် ပညာဆည်းပူးရာနေရာ၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများဖြစ်သည့် ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် ဘာသာစကားဆိုင်ရာသင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများ အခမဲ့တက်ရောက်ရာနေရာအဖြစ် စီစဉ်ဆောင်ရွက်ပေးခြင်း၊
- စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့များဖြင့် စာအုပ်စာစောင်ဝေဖန်သုံးသပ်ခြင်း၊ စာဖတ်ဝိုင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးအသင်း (Women Club) အဖွဲ့များဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝလုံခြုံရေး၊ ကျန်းမာရေး၊ အကြမ်းဖက်မှုကာကွယ်ရေးစသည့် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အိမ်ရှင်မများအတွက် စားသုံးမှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊
- ရုံးအကျယ်အဝန်းအပေါ်မူတည်ပြီး ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင် စသည့် အားကစားနည်းများနှင့် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း ပြုလုပ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားခြင်း၊
- လူငယ်လူရွယ်များ ယဉ်ကျေးမှုပစ္စည်းများကို တန်ဖိုးထားတတ်စေရန်နှင့် စုစည်းထိန်းသိမ်းတတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ဒေသထွက်ကုန်ပစ္စည်းများ၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၊ ဒေသအထိမ်းအမှတ်များ၊ ဒေသတွင်း ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အကြောင်းအရာများကို ပြတိုက်ငယ်အဖြစ် ခင်းကျင်းပြသထားခြင်း၊
- ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် လှည့်လည်၍ စာအုပ်များ ငှားရမ်းပေးခြင်း။

အချုပ်အားဖြင့်ဆိုရလျှင် ၂၀၁၃ ခုနှစ်တွင် ကော့မှူးမြို့နယ်မှ စတင်ပေါ်ပေါက်လာခဲ့သည့် လူထုအခြေပြုဗဟိုဌာနများသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုရာနေရာများအဖြစ် ဖော်ဆောင်ပေးလျက်ရှိပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းကို အသိပညာပြည့်ဝပြီး လူမှုသဟဇာတဖြစ်သော ပတ်ဝန်းကျင်ကောင်းများဖြင့် ဖန်တီးတည်ဆောက်ပေးဖို့ဆိုလျှင် လူထုအခြေပြုဗဟိုဌာနများ အကောင်အထည်ဖော်၍ လေ့ကျင့်ပြုစုပျိုးထောင်ပေးမှသာ အောင်မြင်ခရီးရောက်နိုင်မည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်ဆဲ လူထုအခြေပြုဗဟိုဌာနများ၏ လှုပ်ရှားမှုများသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စေတနာရှင်ပြည်သူများ၏ ကူညီပံ့ပိုးဖြည့်ဆည်းပေးမှုများကြောင့် ပိုမိုသက်ဝင်လှုပ်ရှားလာတော့မည်ကို ယုံကြည်မျှော်လင့်မှုဖြင့် ကြည်နူးဝမ်းမြောက်လျက်ရှိပါသည်။ ။

# မြန်မာနိုင်ငံ အမျိုးသားအဆင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း မိတ်ဆက်ပွဲနှင့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသားအဆင့် ပြန်လည်သန်စွမ်းရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၃) (Myanmar National Rehabilitation Strategic Plan) မိတ်ဆက်ပွဲနှင့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ကြီးမားကျယ်ပြန့်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၏ ဦးတည်ချက်ဖြစ်သော ပြည်သူများ ရောဂါဘယကင်းဝေး၍ ကောင်းမွန်မြင့်မားသော ကျန်းမာရေးအဆင့်ကို ပိုင်ဆိုင်ရရှိစေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်သန်စွမ်းရေးလုပ်ငန်းများသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်းများသည် ကြီးမားကျယ်ပြန့်ပြီး ဆေးနှင့် ဆေးနီးနွယ်ပညာရပ်များ၊ ပံ့ပိုးဆောင်ရွက်မှု ပညာရပ်များ စသည်ဖြင့် ဘာသာရပ်စုံနှင့်ကဏ္ဍစုံမှ ချိတ်ဆက်မှု အားကောင်းစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ရခြင်း၊ တစ်ကြိမ်တစ်ခါတည်း လုပ်ဆောင်ရခြင်း မဟုတ်ဘဲ စဉ်ဆက်မပြတ်ပြုစုကုသ ဆောင်ရွက်ရခြင်း၊ တစ်ဦးချင်းစီအလိုက် ကွဲပြားသော ပြန်လည်သန်စွမ်းရေး လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ရခြင်း မျိုးဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရုံသာမက အဆိုပါ လုပ်ငန်းများနှင့် တန်းတူအရေးကြီးသည့် ပြန်လည်သန်စွမ်းရေးလုပ်ငန်းများကိုလည်း ပိုမိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြန်လည်သန်စွမ်းရေးလုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်စေရေး ဆောင်ရွက်ရာတွင် ယခုရေးဆွဲခဲ့သည့် မဟာဗျူဟာစီမံကိန်းသည် များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် သတ်မှတ်လုပ်ငန်းစဉ်များ၊ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပံ့ပိုးဆောင်ရွက်မှုများတွင် တာဝန်ခွဲဝေသတ်မှတ်ထားရှိမှု၊ လုပ်ငန်းစဉ်များ အချိတ်အဆက်ကောင်းမွန်မှု၊ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်မှု အချိန်သတ်မှတ်ချက် စသည်ဖြင့် ပါဝင်သည်ကို တွေ့ရှိရပြီး စနစ်တကျ ကောင်းမွန်ပြည့်စုံစွာ ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် နီးနွယ်ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အောင်မြင်မှု စောင့်ကြည့်အကဲဖြတ်မှု မူဘောင်စနစ်ကိုလည်း ချမှတ်ဆောင်ရွက်စေလိုပါကြောင်း။

ပြန်လည်သန်စွမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် မသန်စွမ်းသူ တစ်ဦးအား လူမှုဘဝနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေခြင်း၊ ပညာရေး၊ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများမြင့်မားစေခြင်း၊ စိတ်ဓာတ်ခွန်အားတိုးမြှင့်စေခြင်း စသည့် အကျိုးများစွာ ရရှိစေနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မတ္တရာမြို့နယ်ရှိ ခုတင် (၇၀၀)ဆံ့ ရေနံ့သာ အနာကြီးရောဂါ အထူးကုဆေးရုံကြီးအား ပြန်လည်သန်စွမ်းရေးဆေးရုံ(အထက်မြန်မာပြည်) အဖြစ် တိုးချဲ့မွမ်းမံဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ပြန်လည်သန်စွမ်းမှုဆိုင်ရာလုပ်ငန်းများကို မိမိတို့၏ အရေးကိစ္စသဖွယ် အလေးထား၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဦးတည်ကြိုးပမ်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူတိုင်း အခြေခံအခွင့်အရေးရရှိရေး၊ လူ့ဂုဏ်သိက္ခာပြည့်ဝသော အသိုင်းအဝိုင်းရရှိရေး တို့အတွက် လုပ်ငန်းများ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချမှတ်ထားသည့် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မွေးကင်းစမှ အသက် (၅)နှစ်အထိ ကလေးငယ်များတွင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းခြင်းနှင့် အခြားလိုအပ်ချက်များရှိခြင်းတို့ကို စောစီးစွာ သိရှိဖော်ထုတ်ကာ လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် "ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှု"လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ကလေးငယ်များတွင် ဦးနှောက်ဉာဏ်ရည်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်ခြင်း နှောင့်နှေးမှုအခြေအနေများကို မိဘများကိုယ်တိုင် သိရှိဖော်ထုတ်ကာ ဝန်ဆောင်မှုများ အချိန်မီရယူနိုင်ရန်မှာ အရေးကြီးပါကြောင်း၊ နိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးသည့် ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများ ကောင်းမွန်ခြင်းဖြင့် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပါအဝင် နီးနွယ်ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မျိုးလှက မဟာဗျူဟာစီမံကိန်းရေးဆွဲခဲ့မှု၊ မဟာဗျူဟာစီမံကိန်း၏ အဓိကရည်မှန်းချက်လုပ်ငန်းများနှင့် ပါဝင်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုမှုများ၊ အစုအဖွဲ့ဖြင့် ဆွေးနွေးအကြံပြုမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Tdh-L နှင့် ပူးပေါင်းဆောင်ရွက်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Terre des hommes- Lausanne(Tdh-L) တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစီမံချက် အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပသည်။

**အကောင်အထည်ဖော်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် အခြေခံလူ့အခွင့်အရေးများကို ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီမှု ရရှိအောင် မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များ၏ ရှေးဦးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဥပဒေနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေး (၄)ရပ်ကို အပြည့်အဝရရှိအောင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆက်လက်၍ ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ပါ လုပ်ငန်းတစ်ခုဖြစ်သည့် ကလေးသူငယ်များသည် မိသားစုနှင့်သာ ကြီးပြင်းနေထိုင်သင့်သည့်အတွက် မိသားစုပြန်လည်ပေါင်းစည်းရေးစီမံချက်၊ မိရင်းဖရင်းများနှင့်အတူ နေထိုင်ခွင့်မရသည့် ကလေးသူငယ်များအတွက် မိဘအရင်းသဖွယ် ယာယီအစားထိုးစောင့်ရှောက်ရေးစီမံချက်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအခွင့်အရေးများရရှိစေရန်အတွက် ကလေးသူငယ်တရားစီရင်ရေး စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် တာဝန်ရှိသူများ အနေဖြင့် ကလေးသူငယ်များ ရှေးဦးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးသူငယ်များ မသိနားမလည်၍ ကျူးလွန်မှုများကို ထပ်မံမဖြစ်ပေါ်စေရေး၊ ပြန်လည်ထူထောင်ရေး၊ ကလေးသူငယ်များအား သင်တန်းကျောင်း/ဂေဟာများသို့ အကြိမ်ကြိမ် ထပ်မံမရောက်ရှိစေရေး၊ မိသားစုအုပ်ထိန်းသူများနှင့် အတူတကွ ကြီးပြင်းနေထိုင်နိုင်ရေးအတွက် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် စီမံချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် ပြောကြားသည်။

**ဝိုင်းဝန်းဖြည့်ဆည်းပေး**

ဆက်လက်၍ အီးယူသံအမတ် Mr. Kristian Schmidt က လူတိုင်းသည် ကလေးဘဝကို ဖြတ်သန်းခဲ့ရသူများဖြစ်ပါကြောင်း၊ ကလေးများ၏ အခွင့်အရေးကို တန်းတူညီမျှခံစားရရှိစေနိုင်ရေး၊ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ကလေးသူငယ်အခွင့်အရေးများကိုလည်း ဝိုင်းဝန်းဖြည့်ဆည်းပေးကြရန်အတွက် နိုင်ငံတော်အနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းကို ကြိုဆိုပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးသူငယ်များက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဇာတ်ကို ကပြဖျော်ဖြေခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အီးယူသံအမတ်ကြီးနှင့် Tdh-L မှ တာဝန်ရှိသူများ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ ကလေးသူငယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘရက်ဆစ်(သို့မဟုတ်) ကွဲကြေမှုများ၏ နိဒါန်းလော ခေါင်းစဉ်ဖြင့် ကမ္ဘာ့ရေးရာဆွေးနွေးပွဲ ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပသော "ဘရက်ဆစ် (သို့မဟုတ်) ကွဲကြေမှုများ၏ နိဒါန်းလော" ခေါင်းစဉ်ဖြင့် ကမ္ဘာ့ရေးရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနအသီးသီးမှ စိတ်ပါဝင်စားသူ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**နိုင်ငံအများစုနှင့်သက်ဆိုင်နေ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ဆွေးနွေးမည့်အကြောင်းအရာမှာ ဘရက်ဆစ်နှင့်ပတ်သက်၍ဖြစ်ပြီး အဆိုပါအကြောင်းအရာမှာ ယနေ့ ကမ္ဘာတွင် ထင်ရှားနေသည့် အကြောင်းအရာဖြစ်ကာ နိုင်ငံအများစုနှင့် သက်ဆိုင်နေပါကြောင်း၊ ကမ္ဘာတွင် နိုင်ငံများပေါင်းစည်းခြင်း၊ ပြိုကွဲခြင်းနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက် များပြားစွာဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယားနိုင်ငံ၊ ဥရောပသမဂ္ဂ စသည်ဖြင့် အခြေခံအကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပေါင်းစည်းလာခဲ့ပြီး ပေါင်းစည်းခြင်းအနေအထားမှ တိမ်းစောင်းလာသည့်အခါ ပြိုကွဲမှုများ ဖြစ်ပေါ်လာတတ်ပါကြောင်း၊ ယင်းအပေါ် သင်ခန်းစာယူစရာ များစွာရှိပါကြောင်း၊ စတင်ပေါင်းစည်းသည့် အကြောင်းအရာများ မတူကြသကဲ့သို့ ပြိုကွဲသည့် အကြောင်းအရာများလည်း မတူညီကြပါကြောင်း၊ ဘရက်ဆစ်နှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို နားထောင်ရင်းမှ မိမိတို့အတွက် သင်ခန်းစာ များစွာရရှိနိုင်ပါကြောင်း၊ ဆွေးနွေးမှုများကို နားထောင်ပြီး ပါဝင်ဆွေးနွေး မေးမြန်းနိုင်ပါကြောင်း၊ ဆွေးနွေးပွဲလုပ်ရသည့် ရည်ရွယ်ချက်မှာ အများပါဝင်ဆွေးနွေးစေရန် ဖြစ်သည့်အတွက် အားလုံးပါဝင်ဆွေးနွေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**သုံးသပ်ဆွေးနွေး**

ထို့နောက် မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသီ ဦးအေးမောင်ကျော်က "ဘရက်ဆစ် (သို့မဟုတ်) ကွဲကြေမှုများ၏ နိဒါန်းလော" ခေါင်းစဉ်ဖြင့် ဘရက်ဆစ်နှင့် အမေရိကန်၊ ဘရက်ဆစ်နှင့် လန်ဒန်စတော့အိတ်ချိန်း၊ ဘရက်ဆစ်၏ အကျိုးဆက်များနှင့် နောက်ဆုံးအခြေအနေများကို သုံးသပ်ဆွေးနွေးပြောကြားသည်။

အကြီးတန်းသုတေသီ ဦးအေးမောင်ကျော်က "ဗြိတိန်က ဥရောပသမဂ္ဂကနေ ခွဲခွာမယ့်ကိစ္စကို ၂၀၁၆ ခုနှစ်တုန်းက ပြည်သူ့ဆန္ဒခံယူပွဲနဲ့ ဆုံးဖြတ်ထားတယ်။ ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းကျော် ထောက်ခံထားကြတယ်။ ဒီကိစ္စက သုံးနှစ်လောက်ရှိပြီ။ ဝန်ကြီးချုပ်လည်း နှစ်ယောက်ပြောင်းသွားပြီး လက်ရှိဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အထိ ဘရက်ဆစ်က မအောင်မြင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဥရောပဘက်က တောင်းဆိုချက်နဲ့ အင်္ဂလန်ဘက်က လိုလားချက်က မကိုက်ညီဘူး။ ယခင် ဝန်ကြီးချုပ် ထရီဆာမေ လက်ထက်တုန်းက သဘောတူညီချက်တွေလည်းရှိတယ်။ ပါလီမန်က လက်မခံလို့ ထရီဆာမေ ထွက်သွားရပါတယ်။

**အငြင်းအခုံတွေဖြစ်**

"ဥရောပဘက်က မလျှော့ပေးဘူးဆိုရင် လက်ရှိ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ No deal အနေနဲ့ အောက်တိုဘာလ ၃၁ ရက်မှာ ထွက်သွားမယ်ဆိုပြီး အငြင်းအခုံတွေဖြစ်တယ်။ တချို့ ကွန်ဆာဗေးတစ်တွေက No deal ဆိုတာ မကြိုက်တဲ့အတွက် အတိုက်အခံဘက်ကို ပြောင်းသွားကြတယ်။ ဒါကြောင့် ရွေးကောက်ပွဲဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားကြတယ်။ ရွေးကောက်ပွဲဖြစ်လာရင် ကွန်ဆာဗေးတစ် အနိုင်ရမလားဆိုတာ မသေချာဘူး။

"လေဘာပါတီအနိုင်ရရင်လည်း ဘရက်ဆစ် အောင်မြင်မလားဆိုတာလည်း မသေချာဘူး။ မသေချာမှုတွေများနေပေမယ့် စောင့်ကြည့်ရမယ့်အချိန်က အောက်တိုဘာလ ၃၁ ရက်ဖြစ်တဲ့အတွက် မကြာတော့ပါဘူး။ ဒါပေမယ့် ဒီကိစ္စကို ဇန်နဝါရီလအထိ ရွှေ့ဖို့လည်းရှိပါတယ်။ ဇန်နဝါရီလရောက်ရင် ဘရက်ဆစ်ကိစ္စကို နောင်တက်လာမယ့် အစိုးရအနေနဲ့ ဥရောပသမဂ္ဂနဲ့ ထပ်ညှိရမှာဖြစ်ပါတယ်။ ဒီလို ဘရက်ဆစ်ဖြစ်သွားရင် နိုင်ငံရေးအရ၊ စီးပွားရေးအရ တစ်ကမ္ဘာလုံးကို သက်ရောက်မှုတွေရှိနိုင်ပါတယ်။ ကျွန်တော်တို့က နိုင်ငံငယ်လေးတွေဖြစ်တဲ့အတွက် သူတို့ဆီက လေ့လာတဲ့သဘောပါ။ သူတို့ဆီကနေ သင်ခန်းစာရအောင်ပါ။ နိုင်ငံရေးလမ်းကြောင်းတွေ၊ ပါလီမန်စနစ်တွေ ဒါတွေသိရပါတယ်။ ဒါတွေကို ကောင်းတဲ့ဘက်ကနေ အသုံးချသွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာလည်း အသုံးချလို့ရပါတယ်"ဟု ပြောကြားသည်။




မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသီ ဦးအေးမောင်ကျော် ဆွေးနွေးပြောကြားစဉ်။

ယင်းနောက် တက်ရောက်လာကြသူများက ဘရက်ဆစ်နှင့်စပ်လျဉ်းပြီး ဆွေးနွေးမေးမြန်းကြရာ အကြီးတန်းသုတေသီ ဦးအေးမောင်ကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ ပြည်သူတွေကို အသိပညာ ဗဟုသုတ ဖြည့်ဆည်းပေးနိုင်ဖို့ အမြို့မြို့ အနယ်နယ်မှာ ပြည်သူ့စာကြည့်တိုက်တွေ ဖွင့်လှစ်ဆောင်ရွက်နေတာအပြင် ပြည်သူ့စကားဝိုင်းတွေကိုလည်း စီစဉ်ကျင်းပနေပါတယ်။ ကျွန်တော့်ဌာနမှာရှိတဲ့ သုတေသနနဲ့ သတင်းအချက်အလက်ဌာနခွဲက မြန်မာရေးရာအပြင် ကမ္ဘာ့ရေးရာတွေကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီး စာအုပ်၊ စာစောင်တွေ ထုတ်ဝေနေပါတယ်။ အဲဒီအတွက် ဌာနတွင်း ဆွေးနွေးပွဲငယ်လေးတွေအပြင် ယခုလို အများပြည်သူပါဝင်တဲ့ ဆွေးနွေးပွဲတွေလည်း ပြုလုပ်ပါတယ်။ ဒီနေ့ ခေါင်းစဉ်ကတော့ လက်ရှိကမ္ဘာမှာ ဖြစ်ပျက်နေတာကို ရွေးချယ်ထားတာပါ။ ဥရောပသမဂ္ဂက ဥရောပတိုက်က နိုင်ငံတွေနဲ့ စုဖွဲ့ထားသလို ကျွန်တော်တို့ နိုင်ငံကလည်း ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကို ဦးတည်နေတာဖြစ်လို့ အများကြီး အထောက်အကူဖြစ်မှာပါ။ ဆက်လက်ပြီးလည်း နေပြည်တော်နဲ့ ရန်ကုန်မှာ ဒီထက်ပိုမိုကောင်းမွန်တဲ့ အကြောင်းအရာနဲ့ ဆွေးနွေးပွဲတွေ ထပ်လုပ်သွားမှာပါ" ဟု ပြောကြားသည်။

**မေးမြန်းဆွေးနွေးခဲ့**

ဆွေးနွေးပွဲအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြင့်မိုရ်က "ပုံမှန်အားဖြင့် အင်တာနက်သုံးရင် ဘရက်ဆစ်ဆိုပြီး တွေ့မြင်နေရတယ်။ သူတို့ ဘရက်ဆစ်ဖြစ်နေပြီ ဒီလောက်ပဲ သတိထားမိတယ်။ ဘရက်ဆစ်ဆိုတာ ဘယ်လိုကြောင့်ဖြစ်တာလဲ၊ ဘာတွေဖြစ်လာနိုင်သလဲဆိုတာမျိုး အသေးစိတ်မလေ့လာဖြစ်ပါဘူး။ ကျွန်မက နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်နေတဲ့အတွက် ဒီလိုအကြောင်းအရာတွေ သိထားသင့်တယ်။ နိုင်ငံသားတွေရဲ့နိုင်ငံတစ်နိုင်ငံအပေါ်ထားရှိတဲ့ စေတနာ၊ နိုင်ငံရေးအပိုင်းကို ဘယ်လိုမြင်ကြသလဲ၊ စီးပွားရေးအပိုင်းကို ဘယ်လိုမြင်ကြသလဲဆိုတာ သိလာရတယ်။ ဆွေးနွေးတဲ့အခါမှာ ရှုထောင့်ပေါင်းစုံကာမိအောင် ဆွေးနွေးသွားတော့ အများကြီး ဗဟုသုတရပါတယ်။ ဆွေးနွေးပွဲမှာ ဘရက်ဆစ်သာဖြစ်လာရင် မြန်မာနိုင်ငံအတွက် သွယ်ဝိုက်ပြီး အကျိုးသက်ရောက်မှုတွေ ရှိလာနိုင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် အာဆီယံအဖွဲ့အစည်းအနေနဲ့ဆိုရင် စီးပွားရေး၊ နိုင်ငံရေးအရ နိုင်ငံတကာ ရပ်တည်မှုတစ်ခုရှိတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ မဟုတ်ဘဲ အာဆီယံအနေနဲ့ ဘရက်ဆစ်က ဘာတွေအကျိုးသက်ရောက်မှုတွေ ရှိနိုင်သလဲဆိုတာ မေးမြန်းဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအေးက "ယူကေရဲ့ရင်းနှီးမြှုပ်နှံမှုက မြန်မာနိုင်ငံမှာ ခွင့်ပြုထားတဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့၅ ဒသမ ၅၇ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပို့ကုန်တင်ပို့မှုမှာလည်း စုစုပေါင်း ပို့ကုန်တင်ပို့မှုရဲ့ သုည ဒသမ ၀၃ ရာခိုင်နှုန်းရှိနေတယ်။ ဒါကလည်း နည်းတဲ့ ပမာဏတစ်ရပ်လို့တော့ ပြောလို့မရပါဘူး။ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ Globalization Wave တွေမှာ နိုင်ငံအနေနဲ့ ဘယ်လိုအကျိုးသက်ရောက်မှုကို ဖြစ်လာနိုင်မယ်ဆိုတာကို ဖြည့်စွက်ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံက အဓိက အီးယူဈေးကွက်ကို တင်ပို့နေတဲ့ အထည်ချုပ်လုပ်ငန်းအပေါ်မှာ ဘယ်လောက်အထိ သက်ရောက်မှုရှိမလဲ၊ ဒါကိုအခြေခံစဉ်းစားပြီး တကယ်လို့ အီးယူက ယူကေထွက်ဖြစ်တယ်၊ မထွက်ဖြစ်ဘူးဆိုတဲ့ အခြေအနေအပေါ်မှာ စောင့်ကြည့်နားထောင်ပြီး ပြင်ဆင်ဖို့လိုတယ်လို့ ကျွန်မအနေနဲ့ သုံးသပ်ပါတယ်။ ဘယ်လို ကုန်ပစ္စည်းမျိုးတွေ၊ ဘယ်လိုလုပ်ငန်းမျိုးတွေအပေါ်မှာ ထိခိုက်မလဲဆိုတဲ့ အသေးစိတ် လေ့လာဆန်းစစ်မှုတွေ ထပ်ပြီးဆောင်ရွက်နေရမှာဖြစ်ပါတယ်"ဟု ပြောသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စင်ကာပူ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး Ms. Vanessa Chan နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် အဆင့်မြင့်နည်းပညာအသုံးပြုရန်နှင့် စံနှုန်းများနှင့်ညီညွတ်သော လုပ်ငန်းသုံးပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုရန်ကိစ္စ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိသော တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စ၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်နေမှုများနှင့် Microchip Ear Tag အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှု၊ စင်ကာပူနိုင်ငံမှ နည်းပညာကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ တတိယမြောက် သမ္မတဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ တတိယမြောက် သမ္မတဟောင်း Prof. Dr. Ing Bacharuddin ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၁၀၀)ရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ ယနေ့ နံနက် ၁၀ နာရီတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ တတိယမြောက် သမ္မတဟောင်းသည် ၁၉၉၈ ခုနှစ် မေ ၂၀ ရက်မှ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၂၀ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၁၆) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကာလအတွင်း တရုတ်-အာဆီယံ ရုပ်မြင်သံကြား ရက်သတ္တပတ်နှင့် ရေဒီယိုရုပ်မြင်သံကြားနှင့် မီဒီယာအသစ်ဖိုရမ်သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ဂီတ) ဦးတိုးကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိုးနိုင်တို့ လိုက်ပါသွားကြသည်။

**သတင်းစဉ်**





# ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက် ၇ နာရီခွဲမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအရိုင်းများနှင့် အချောထည်များ၊ ကျောက်မျက်အရိုင်းများနှင့် အချောထည်များကို စိတ်ကြိုက်လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အခြေခံဈေး ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်မျက်အတွဲအမှတ် (၁)မှ (၄၈၁)အထိ ကျောက်မျက်အတွဲ စုစုပေါင်း ၄၈၁ တွဲကို စက်တင်ဘာ ၁၉ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့အတူ ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၃၁၁) အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၁၁ တွဲကို စက်တင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၁၃၁၂)မှ (၂၆၁၁)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ တွဲကို စက်တင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၂၆၁၂)မှ (၃၉၁၁)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၂ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် (၃၉၁၂)မှ (၅၂၁၁)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၃ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၅၂၁၂)မှ (၆၅၁၁)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၄ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် (၆၅၁၂)မှ (၇၈၁၁)ထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၅ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။
**သတင်း-မျိုးသူဟိန်း၊ ဓာတ်ပုံ-ထိန်နန်နေ**

# ပြည်တွင်း၊ ပြည်ပမှ စက်မှုလက်မှုလုပ်ငန်းပေါင်း ၇၀ ကျော် ပါဝင်ပြသမည့် Myanmar Build & Decor 2019 ပြပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြည်တွင်း၊ ပြည်ပမှ စက်မှုလက်မှုလုပ်ငန်းပေါင်း ၇၀ ကျော် ပါဝင်ပြသမည့် Myanmar Build & Decor 2019 ပြပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza တွင် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပြပွဲကို ထိုင်းနိုင်ငံ ICVeX ကုမ္ပဏီက ကြီးမှူး၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံ စသည့် အသင်းအဖွဲ့များ ပူးပေါင်းကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ICVeX မှ အထွေထွေမန်နေဂျာ Mr.Chinakit Viphavakit က "ဆောက်လုပ်ရေးဆိုင်ရာ အသိပညာရပ်တွေကို မြန်မာနိုင်ငံက လုပ်ငန်းတွေနဲ့ နိုင်ငံတကာက လုပ်ငန်းတွေ နိုင်ငံအချင်းချင်း ပူးပေါင်းဖလှယ်ပြီး အပြန်အလှန် ထိတွေ့မှုရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလိုကျင်းပတာ ဖြစ်ပါတယ်။ ကုမ္ပဏီ စုစုပေါင်း ၇၀ ကျော်က လာရောက်ကြမယ့် ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေအတွက် တကယ့်ကို စီးပွားရေးမိတ်ဖက်ကောင်းတွေ အခွင့်အရေးတွေလည်း ရရှိလာမှာဖြစ်ပါတယ်"ဟု ပြောသည်။

သုံးရက်တာ ကျင်းပမည့် အဆိုပါပြပွဲတွင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်ဝမ် အစရှိသည်တို့မှ ဗိသုကာနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပါဝင်ပြသပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံ အစရှိသည့် အသင်းအဖွဲ့များမှ ဗိသုကာဆိုင်ရာ၊ ဆောက်လုပ်ရေးဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှု နည်းပညာဆိုင်ရာများ၊ အသိပညာ ဗဟုသုတဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**စိမ်းခက်**

## ❒ ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်မှ

အမျိုးသမီးယာဉ်မောင်းများပါဝင်မည့် YBS (မြို့ပတ်)ယာဉ်လိုင်းသစ်ကို လာမည့်သီတင်းပတ်အတွင်း စတင်ပြေးဆွဲမည်ဖြစ်ပြီး နေ့စဉ် ယာဉ်ပြေးဆွဲမှုအဖြစ် နံနက် ၅ နာရီတွင် စတင်မည်ဖြစ်ကာ နောက်ဆုံးယာဉ်မှာ အောင်မင်္ဂလာအဝေးပြေးမှ ည ၈ နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း စီးတီးထရန်စစ်ကုမ္ပဏီမှ သိရသည်။

ရန်ကုန်မြို့ပတ်ယာဉ်လိုင်းတွင် နိုင်ငံတကာ ထိပ်တန်းအမှတ်တံဆိပ်ဖြစ်သည့် SCANIA အမျိုးအစား မော်တော်ယာဉ် ၃၉ စီးကို အသုံးပြုမည်ဖြစ်ပြီး အဆိုပါမော်တော်ယာဉ်၏ အရှည်မှာ သာမန်ယာဉ်များထက် ပို၍ရှည်ပြီး တံခါးသုံးပေါက်ပါဝင်ကြောင်း၊ City Transit ကုမ္ပဏီအနေဖြင့် SCANIA ထံမှ ပြေးဆွဲမှုနည်းပညာကို မြန်မာနိုင်ငံတွင် ပုံဖော်အသုံးပြုမည်ဖြစ်ပြီး မှတ်တိုင်များတွင် ရပ်နားသည့်အခါ မော်တော်ယာဉ်မှာ ခရီးသွားပြည်သူများ အတက်အဆင်း လွယ်ကူစေရန်အတွက် ညာဘက်သို့ အနည်းငယ်စောင်းသွားမည်ဖြစ်ကြောင်း၊ ကားပေါ်၌လည်း ဦးချိုသမားများနှင့် သက်ကြီးရွယ်အိုများအတွက် သီးသန့်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရီးသည်များအတွက် မှတ်တိုင်အသိပေးစနစ်များ၊ သတင်းအချက်အလက် အထောက်အကူပြုစနစ်များ ထည့်သွင်းထားပြီး မော်တော်ယာဉ်သွားလာမှုကို ထိန်းချုပ်ရန်အတွက် YRTA မှ သတ်မှတ်ထားသော တယ်လီမက်တစ်စနစ်အပြင် SCANIA ၏ တယ်လီမက်တစ်စနစ်လည်း ပါဝင်ကြောင်း သိရသည်။

စီးတီးထရန်စစ်ကုမ္ပဏီမှ ပြေးဆွဲမည့် SCANIA အမျိုးအစား ရန်ကုန်မြို့ပတ်ကားများကို ယာဉ်လမ်းကြောင်း နှစ်ကြောင်းခွဲ၍ ပြေးဆွဲမည်ဖြစ်ရာ ယာဉ်လမ်းကြောင်း(၁)မှာ အောင်မင်္ဂလာအဝေးပြေးဝင်းမှ စတင်ထွက်ခွာပြီး အမှတ်(၃) လမ်းမကြီး၊ ၆ ကွေ့၊ သုဓမ္မာလမ်း၊ ဝေဇယန္တာလမ်း၊ ပါရမီလမ်း၊ ဘေလီထိပ်၊ သံသုမာလမ်း၊ စံပြဈေး၊ ပြည်ထောင်စုခုံးကျော်တံတား၊ သံသုမာလမ်း (သုဝဏ္ဏ) ကြက်ဘဲဈေး၊ သမိန်ဗရမ်းလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင် ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်လမ်းဆုံ၊ သမိုင်းဘူတာရုံလမ်း၊ သမိုင်းလမ်းဆုံ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈ မိုင်၊ ကမ္ဘာအေး ဘုရားလမ်း၊ နဝဒေး၊ အုတ်ပုံဆိပ်လမ်း၊ သုဓမ္မာလမ်း၊ ၆ ကွေ့၊ အမှတ်(၃) လမ်းမကြီးမှ အောင်မင်္ဂလာအဝေးပြေးသို့ ရောက်ရှိမည်ဖြစ်သည်။ ယာဉ်လမ်းကြောင်း (၂) မှာမူ ယာဉ်လမ်းကြောင်း(၁)၏ မျက်နှာချင်းဆိုင်လမ်းကြောင်းအတိုင်း ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယာဉ်စီးခအနေဖြင့် အောင်မင်္ဂလာအဝေးပြေးမှ သခင်မြပန်းခြံအထိ ငွေကျပ် ၅၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးစဉ် အစအဆုံး ငွေကျပ် ၁၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် သွားလာနေကြသည့် ခရီးသွားပြည်သူအများစုသည် ခရီးသည်တင်ယာဉ်လိုင်းများကိုသာ မှီခိုအားထားသွားလာနေကြပြီး ဩဂုတ်လအတွင်း ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းခန့်ကို နေ့စဉ် ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ YRTA စာရင်းများအရ ဩဂုတ်လအတွင်း မှတ်ပုံတင်ယာဉ်အစီးရေ စုစုပေါင်း ၆၆၅၆ စီးရှိပြီး စီးတီးဘတ်စ်အစီးရေ ၅၀၀၄ စီး၊ မီနီဘတ်စ် ၁၁၁၃ စီးနှင့် ယာဉ်ငယ်များနှင့် အခြားယာဉ် ၅၃၉ စီးတို့ မှတ်ပုံတင်ထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ကိုထက်**

## ❖ အာရှ ယူ-၁၆ ခြေစစ်ပွဲမှ

အခွင့်အရေးများကိုလည်း အသုံးမချနိုင်သောကြောင့် သွင်းဂိုးမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ၆ မိနစ်တွင် တိုက်စစ်မှူး နီဖစ်ဖွန်က ထိုင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ခံစစ်ပိုင်း အမှားများလာသည့် မြန်မာအသင်းကို ထိုင်းအသင်းက ဖိအားပေးကာ ဂိုးများထပ်မံသွင်းယူခဲ့သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၁၁ မိနစ်တွင် နီဖစ်ဖွန်၊ ၂၈ မိနစ်တွင် ကာကာနာတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းကသာ ပွဲကို ထိန်းချုပ်ကစားခဲ့ပြီး မြန်မာအသင်းအနေဖြင့် ခံစစ်တွင်သာ အချိန်ကုန်ဆုံးခဲ့ရသည်။ ၆၃ မိနစ်တွင် ထိုင်းအသင်း စတုတ္ထဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် သီကာဝင်က ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ပထမပွဲတွင် တောင်ကိုရီးယားအသင်းက တရုတ်(တိုင်ပေ)အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုးသွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု ဒုတိယနေ့ကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် ထိုင်းနှင့် တရုတ်(တိုင်ပေ)၊ ညနေ ၆ နာရီတွင် မြန်မာနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

## ■ ဆီးဂိမ်းပြိုင်ပွဲမှ

စက်တင်ဘာ ၂၁ ရက်တွင် (က) အသင်းနှင့်(ဂ) အသင်း၊ စက်တင်ဘာ ၂၃ ရက်တွင် (ခ)အသင်းနှင့် (ဂ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး သုံးပွဲစလုံးကို နံနက် ၇ နာရီခွဲတွင် ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲအပြီးတွင် ကစားသမား ၂၆ ဦး ပြန်လည်ရွေးချယ်ကာ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# အမေရိကန်အကျိုးစီးပွားများနှင့် မဟာမိတ်များအား ကာကွယ်ရန် အသင့်ရှိဟု ဒုသမ္မတ မိုက်ပန့်စ်ပြောကြား

**ဝါရှင်တန်　စက်တင်ဘာ　၁၈**

အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းဒေသရှိ ၎င်း၏ အကျိုးစီးပွားများနှင့် မဟာမိတ်များအား ကာကွယ်ရန် အသင့်ရှိကြောင်း အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ပြောကြားခဲ့ကြောင်း သိရသည်။

ဒုတိယသမ္မတ မိုက်ပန့်စ်က စက်တင်ဘာ ၁၇ ရက်တွင် ဝါရှင်တန်မြို့တော်၌ ကျင်းပသည့် ပညာရှင် အဖွဲ့အစည်း၏ အစည်းအဝေး၌ ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဒုတိယသမ္မတ မိုက်ပန့်စ်က ဆော်ဒီအာရေဗျနိုင်ငံ၏ အဓိကကျသော ရေနံလုပ်ငန်းအဆောက်အအုံများ တိုက်ခိုက်ခံရမှုကို ရည်ညွှန်းကာ ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှု၏ နောက်ကွယ်၌ အီရန်နိုင်ငံပါဝင်နေမှု သေချာသလောက်ရှိကြောင်း မိုက်ပန့်စ်က ပြောကြားပြီး အမေရိကန်ပြည်ထောင်စု၏ ထောက်လှမ်းရေးဆိုင်ရာ အဖွဲ့အစည်းများက သက်သေခံပစ္စည်းများ လေ့လာသုံးသပ်မှုများကို ကြိုးကြိုးစားစားလုပ်ဆောင်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံအား အုပ်စိုးနေသူများအပေါ် ဖိအားပေးမှုများ အမြင့်ဆုံးပေးနိုင်ရေးအတွက် လှုပ်ရှားမှုများကို လုပ်ဆောင်နေကြောင်း မိုက်ပန့်စ်က ပြောကြားသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်နေပြီး ယင်းတိုက်ခိုက်မှုအား တုံ့ပြန်နိုင်ရေးအတွက် ဆော်ဒီအာရေဗျတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**





# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို အီရန်အရေးဆွေးနွေးရန် ဆော်ဒီအာရေဗျသို့ ထွက်ခွာ

**ဝါရှင်တန်　စက်တင်ဘာ　၁၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် အီရန်အရေးဆွေးနွေးရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းများအရ သိရသည်။

စက်တင်ဘာ ၁၇ ရက်တွင် ဝန်ကြီး မိုက်ပွန်ပီယိုက ဝါရှင်တန်မြို့အနီးရှိ အန်းဒရူးစ် လေကြောင်းတပ်ဖွဲ့မှ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျပိုင် ရေနံသန့်စင်စက်ရုံများကို အီရန်က တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်က ယုံကြည်ထားသည်။ အဆိုပါအရေးနှင့်ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်မည့် နည်းလမ်းများကို ဝန်ကြီး မိုက်ပွန်ပီယိုက ဆော်ဒီအစိုးရအဖွဲ့နှင့် ဆွေးနွေးမည်ဖြစ်သည်။

စက်တင်ဘာ ၁၄ ရက်တွင် ဆော်ဒီအာရေဗျပိုင် ရေနံသန့်စင်စက်ရုံများ ပြင်းထန်စွာ တိုက်ခိုက်ခံခဲ့ရသည်။ ယင်းအကြမ်းဖက်မှုကို အီရန်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ယုံကြည်ထားကြသည်။ သို့သော် အီရန်က ၎င်းအားစွပ်စွဲမှုကို ပယ်ချခဲ့သည်။

ဝန်ကြီး မိုက်ပွန်ပီယိုက ဆော်ဒီမင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံမည်ဖြစ်ပြီး ဒေသတွင်း၌ အီရန်၏ ကျူးကျော်ရန်စမှုများကို တုံ့ပြန်ဆောင်ရွက်ရန် နည်းလမ်းကောင်းများကို ဆွေးနွေးမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီး မိုက်ပွန်ပီယိုသည် အာရပ်စော်ဘွားများနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ သီးခြားဆွေးနွေးပွဲများတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်သမ္မတရိုဟာနီနှင့် တွေ့ဆုံမှုပြုလုပ်မည်မဟုတ်တော့ကြောင်း စက်တင်ဘာ ၁၇ ရက်က မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ရုရှားမဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များ ဘောလ်တစ်ပင်လယ်ပေါ်တွင် ကင်းလှည့်ပျံသန်း

**မော်စကို စက်တင်ဘာ ၁၈**

ရုရှားလေတပ်မှ မဟာဗျူဟာမြောက် တီယူ-၁၆၀ အမျိုးအစား ဗုံးကြဲလေယာဉ်နှစ်စင်းသည် စက်တင်ဘာ ၁၇ ရက်က ဘောလ်တစ် ပင်လယ်ပြင်အပေါ်တွင် ခုနစ်နာရီကြာ ကင်းလှည့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပျံသန်းမှုအချို့အဆင့်များ၌ ရုရှားလေတပ်မှ လေယာဉ်များ၏ နောက်သို့ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ပါလန်၊ ဖင်လန်နှင့် ဆွီဒင်နိုင်ငံတို့မှ လေတပ်တိုက်လေယာဉ်များက နောက်ယောင်ခံလိုက်ပါပျံသန်းခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ပါရှိသည်။

ရုရှား၏မဟာဗျူဟာမြောက် တီယူ-၁၆၀ ဗုံးကြဲလေယာဉ်များသည် ကင်းလှည့်ပျံသန်းမှု ပြီးဆုံးပြီးနောက် ၎င်းတို့၏မူလအခြေစိုက် လေယာဉ်ကွင်းသို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာ ညွန့်ပေါင်းဖွဲ့စည်းရန် နိုင်ငံပေါင်း ၂၈ နိုင်ငံ ဆွေးနွေး

**ဝါရှင်တန်　စက်တင်ဘာ　၁၈**

ဟော်မုဇ်ရေလက်ကြားတွင် ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတကာပင်လယ်ရေကြောင်း ညွန့်ပေါင်းအဖွဲ့တစ်ရပ် ထူထောင်ရန် အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့က အစည်းအဝေးတစ်ရပ်ကို ဦးဆောင်ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။




စက်တင်ဘာ ၁၇ ရက်တွင် ပါရှန်းပင်လယ်ကွေ့အတွင်း သင်္ဘောတစ်စင်းပေါ်၌ အဆိုပါအစည်းအဝေးကို ကျင်းပခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ဗြိတိန်၊ ဘာရိန်းနှင့် ဩစတြေးလျနိုင်ငံများ အပါအဝင် အခြား ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ကိုယ်စားလှယ်များက အရှေ့အလယ်ပိုင်းဒေသအတွင်း ပင်လယ်ရေကြောင်း တစ်လျှောက် ဘေးကင်းလုံခြုံရေးအတွက် ရည်ရွယ်ပြီး နိုင်ငံပေါင်းစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်မည့် ကနဦး အထူးလုပ်ငန်းအဖွဲ့ကို ဘာရိန်းနိုင်ငံတွင် အခြေစိုက်ကာ ဆောင်ရွက်မည်ဖြစ်သည်။

အမေရိကန်နှင့် အီရန် နှစ်နိုင်ငံ တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် အမေရိကန်က နိုင်ငံတကာပင်လယ်ရေကြောင်းညွန့်ပေါင်းတပ်ဖွဲ့ဖွဲ့စည်းပြီး အီရန်နိုင်ငံအပေါ် ဖိအားများပေးရန် မျှော်လင့်ရသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သို့သော် နိုင်ငံအများအပြားက အီရန်နိုင်ငံနှင့် ဆက်ဆံရေးထိခိုက်မည်ကို စိုးရိမ်သည့်အတွက် အမေရိကန်ဦးဆောင်သော ပင်လယ်ရေကြောင်း ညွန့်ပေါင်းအဖွဲ့တွင် ပူးပေါင်းပါဝင်ရန် သင့်၊ မသင့်ကို တုံ့ဆိုင်းလျက်ရှိသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါက နိုင်ငံတကာ ပင်လယ်ရေကြောင်းညွန့်ပေါင်းတစ်ရပ် ဖွဲ့စည်းရန် အချိန်အနည်းငယ် ကြာမြင့်နိုင်ဖွယ်ရှိသည်ဟု စက်တင်ဘာလအစောပိုင်းတွင် ပြောကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# လိုင်ဘေးရီးယားမြို့တော် မွန်ရိုဗီးယား၌ ကျောင်းတစ်ကျောင်းမီးလောင် ကလေး ၂၆ ဦးနှင့် ဆရာနှစ်ဦးသေဆုံး

**မွန်ရိုဗီးယား　စက်တင်ဘာ　၁၈**

လိုင်ဘေးရီးယားနိုင်ငံ မြို့တော် မွန်ရိုဗီးယားအနီးရှိ ကိုရာနစ်ဒေသတွင် စက်တင်ဘာ ၁၇ ရက် ညပိုင်းက မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ကလေး ၂၆ ဦးနှင့် ဆရာနှစ်ဦးသေဆုံးခဲ့ကြောင်း လိုင်ဘေးရီးယားသမ္မတက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ယင်းမီးလောင်မှုတွင် လူ ၂၈ ဦး သေဆုံးကြောင်း လိုင်ဘေးရီးယားသမ္မတအား အရေးပေါ်လုပ်ငန်းဌာနက ပြောကြားသည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ လိုင်ဘေးရီးယား သမ္မတသည် မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် မြို့တော် မွန်ရိုဗီးယား၏ ဆင်ခြေဖုံးဒေသသို့ သွားရောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းမီးလောင်မှုသည် လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော့ဆတ်ကာတာက ပြောကြားသည်။

၎င်းက ရှေးဦးပြောကြားစဉ်က ကလေးငယ် ၃၀ သေဆုံးသည်ဟုဆိုခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသူ ၂၈ ဦးရှိကြောင်း ပြင်ဆင်ပြောကြားခဲ့သည်။ ယင်းမီးလောင်ကျွမ်းမှုမှ အသက်ရှင်ကျန်ခဲ့သူ နှစ်ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# မပြည့်စုံသည့် ကျမ်းသစ္စာဆိုမှုအတွက် နုတ်ထွက်ပေးရန် ထိုင်းဝန်ကြီးချုပ်အား လွှတ်တော်အမတ်များ တောင်းဆို




**ဗန်ကောက် စက်တင်ဘာ ၁၈**
ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာဆိုခဲ့စဉ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းရန် ကတိပြုချက်ကို ချန်လှပ်၍ ကျမ်းသစ္စာဆိုခဲ့သည့်အတွက် ၎င်း၏ တရားဝင်ဖြစ်မှုနှင့်ပတ်သက်သည့်မေးခွန်းများစွာ ထွက်ပေါ်လာခြင်းနှင့်အတူ ဆူဆူညံညံဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာပြီးနောက် ထိုင်းအတိုက်အခံ လွှတ်တော်အမတ်များက ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာသည် ဇူလိုင်လက အရပ်သားဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာဆိုစဉ်က ၎င်းနှင့် ၎င်း၏အစိုးရအဖွဲ့သည် ထိုင်းဘုရင်အပေါ် သစ္စာခံခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို သစ္စာခံရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီးနောက် ၎င်းအစိုးရ၏ တရားဝင်ဖြစ်မှုနှင့်ပတ်သက်၍လည်း မေးခွန်းများစွာထွက်ပေါ်လာခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဝန်ကြီးချုပ်၏ ထိမ်ချန်မှုကိစ္စကို စဉ်းစားရန်ငြင်းဆိုသည်။ သို့သော်လည်း အတိုက်အခံဥပဒေပြုအမတ်များက ဝန်ကြီးချုပ်နုတ်ထွက်ပေးရန် ပါလီမန်တွင် ဗုဒ္ဓဟူးနေ့က တောင်းဆိုခဲ့ကြသည်။ ၎င်းတို့က မပြည့်စုံသည့် ကျမ်းသစ္စာကျိန်ဆိုမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လျစ်လျူရှုမှုကိုပြသနေသည်ဟု ပြောကြားပြီး တရားဥပဒေစိုးမိုးမှု ထိန်းသိမ်းဖို့အတွက် ဝန်ကြီးချုပ်အပေါ် ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့ကြသည်။

ယင်းကိစ္စသည် ပြည်သူလူထု၏ ယုံကြည်မှုကို သာမက ဝန်ကြီးချုပ်အပေါ် အများ၏ယုံကြည်စိတ်ချရမှုကိုပါ ဖျက်ဆီးခဲ့ပြီဖြစ်ကြောင်း youth druveb Future Forward Party ၏ အထွေထွေအတွင်းရေးမှူးချုပ် ပီယာဘူတာဆန်ကနူကောက ပြောသည်။ ဝန်ကြီးချုပ်၏ မပြည့်စုံသည့်ကျမ်းသစ္စာဆိုမှုသည် ဝန်ကြီးချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းလိုက်နာနိုင်ခြေနှင့်ပတ်သက်၍ ပြည်သူလူထု၏ သံသယကိုဖြစ်ပေါ်စေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လွှတ်တော်ရပ်နားချိန်မတိုင်မီ ကြာသပတေးနေ့က ကျင်းပခဲ့သည့် မဲခွဲဆုံးဖြတ်မှုမပါသည့် လွှတ်တော်အစည်းအဝေးသို့ ဝန်ကြီးချုပ်တက်ရောက်ခဲ့သည်။ လွှတ်တော်အမတ်များက ၎င်းအား နာရီများစွာ ပြင်းထန်စွာဝေဖန်ရှုတ်ချမှုများကို နားထောင်ပြီးနောက် ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ဗီယွန်ဝါဒီအစိုးရဖွဲ့စည်းရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ကတိပြု



**ဂျေရုဆလင် စက်တင်ဘာ ၁၈**
အကြိတ်အနယ် ယှဉ်ပြိုင်နေရသည့် ရွေးကောက်ပွဲပြီးလျှင် အားကောင်းမောင်းသန် ဗီယွန်ဝါဒီအစိုးရတစ်ရပ် ဖွဲ့စည်းရန် ညွန့်ပေါင်းမိတ်ဖက်များနှင့် စေ့စပ်ညှိနှိုင်းမှု စတင်မည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့ ပြောကြားလိုက်သည်။

ယမန်နေ့က ကျင်းပသည့် လွှတ်တော်ရွေးကောက်ပွဲများ၌ နေတန်ယာဟု၏ အဓိကပြိုင်ဘက်ဖြစ်သူ ဘန်နီဂန့်ဇ်၏ Blue and White ပါတီက အနည်းငယ် အသာရနေကြောင်း စစ်တမ်းများက ပြသနေသည်။ "ကျွန်တော်တို့ အပြီးသတ်ရလဒ်ကို စောင့်ဆိုင်းနေဆဲဖြစ်ပါတယ်"ဟု တဲလ်အဗစ်မြို့တော်ရှိ လီကွပ်ပါတီဌာနချုပ်၌ နေတန်ယာဟုက မဲဆန္ဒရှင်များသို့ ပြောကြားခဲ့သည်။ အစ္စရေးကို ဂျူးပြည်သူများ၏ နိုင်ငံတော်အဖြစ် တည်ဆောက်ရန် သန္နိဋ္ဌာန်ချထားသည့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန် အခြားပါတီများနှင့် စေ့စပ်ညှိနှိုင်းမည်ဟု နေတန်ယာဟုက ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် Blue and White ပါတီက နေတန်ယာဟု၏ လီကွပ်ပါတီကို အနည်းငယ်အသာရရှိနေပြီး နေတန်ယာဟု၏ ငါးကြိမ်မြောက်သက်တမ်း အနိုင်ရရှိနိုင်မည့် အခွင့်အရေးများကို ထိခိုက်စေကြောင်း အစ္စရေးနိုင်ငံရှိ နာမည်ကြီးရုပ်သံဌာနသုံးခု၏ ကနဦးစစ်တမ်းများက ဖော်ပြခဲ့သည်။ Blue and White ပါတီက လွှတ်တော်အမတ်နေရာ ၁၂၀ အနက် အမတ်နေရာ ၃၂ နေရာမှ ၃၄ နေရာအထိ အနိုင်ရရှိပြီး လီကွပ်ပါတီက အမတ်နေရာ ၃၀ မှ ၃၃ နေရာအထိ အနိုင်ရရှိကြောင်း အဆိုပါရုပ်သံဌာနများက ဆိုသည်။ လွှတ်တော်၌ အစိုးရတစ်ရပ်ဖွဲ့စည်းရန် မည်သည့်ပါတီမျှ မဲအပြတ်အသတ် အသာမရရှိသောကြောင့် ညွန့်ပေါင်းအစိုးရတစ်ရပ်သာ ဖွဲ့စည်းရမည့်အလားအလာများ ရှိနေသည်။

ငါးလအတွင်း ဒုတိယအကြိမ်ဖြစ်သည့် ယခုရွေးကောက်ပွဲကို ဧပြီလရွေးကောက်ပွဲ၌ အာဏာရညွန့်ပေါင်းအစိုးရတစ်ရပ် မဖွဲ့စည်းနိုင်ခဲ့သည့် ဝန်ကြီးချုပ် နေတန်ယာဟုက ကျင်းပရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် နေတန်ယာဟုမှာ အကျင့်ပျက်ခြစားမှုများ ကျူးလွန်ကြောင်း စွပ်စွဲခံနေရပြီး ရွေးကောက်ပွဲပြီးလျှင် တရားစွဲဆိုမှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# အင်ဒိုနီးရှား၌ လူလေးဦးလိုက်ပါသည့် ကုန်တင်လေယာဉ်တစ်စင်း ပျောက်ဆုံး

**တီမီကာ(အင်ဒိုနီးရှား) စက်တင်ဘာ ၁၈**
လူလေးဦးလိုက်ပါသော အင်ဒိုနီးရှားလေယာဉ်တစ်စင်းသည် လေယာဉ်အသွားအလာထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်နေကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ DHC6-400 အမျိုးအစား ကုန်တင်လေယာဉ်တစ်စင်းသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၉ မိနစ်က တီမီကာမြို့မှ ပါပူအာပြည်နယ် အီလာကာမြို့သို့ ဦးတည်ထွက်ခွာပြီး မိနစ် ၅၀ ခန့်အကြာ အီလာကာမြို့သို့ ဆိုက်ရောက်ရန်ဖြစ်သော်လည်း နှစ်နာရီကျော်ကြာသည်အထိ သတင်းအချက်အလက်မရရှိသောကြောင့် လေယာဉ်အဆက်အသွယ် ပြတ်တောက်သွားသည်ဟု ဒေသဆိုင်ရာ သယ်ယူပို့ဆောင်ရေးအေဂျင်စီ၏အကြီးအကဲ ယာပူရ်ဘာက ပြောကြားသည်။

အဆိုပါလေယာဉ်သည် လေယာဉ်အမှုထမ်း သုံးဦး၊ ခရီးသည် တစ်ဦးနှင့် ဆန်တန်ချိန် ၁ ဒသမ ၇ တန်တို့ကို တင်ဆောင်သွားပြီး ခရီးမှတ်တိုင်မရောက်ခင် ယခုကဲ့သို့ အဆက်အသွယ် ပြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် အဆိုပါ လေယာဉ်ရှာဖွေရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လက လူ ၁၂ ဦးလိုက်ပါသည့် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် ပါပူအာပြည်နယ် အော့ခ်စီဘီးလ်ခရိုင်မှ ဆင်တာနီဒေသသို့ ဦးတည်ပျံသန်းစဉ် အဆက်အသွယ်ပြတ်တောက်သွားပြီး ယနေ့အထိ မတွေ့ရှိကြောင်း သိရသည်။

ထို့အတူ ၂၀၁၆ ခုနှစ်အစောပိုင်းက ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သည့် ကုန်တင်လေယာဉ်တစ်စင်း အီလာကာမြို့၌ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသည့် လူလေးဦးစလုံး သေဆုံးခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**



# အင်ဂျန်းယန်မြို့နယ်၌ တရားမဝင် ရွှေတူးဖော်မှုများအား ရှောင်တခင်ဝင်ရောက် ဖမ်းဆီး



**အင်ဂျန်းယန် စက်တင်ဘာ ၁၈**
ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်၌ စက်တင်ဘာ ၁၇ ရက်က တရားမဝင် ရွှေတူးဖော်မှုလုပ်ငန်းများအား ရှောင်တခင်ဝင်ရောက်ဖမ်းဆီးရာ ဘက်ဟိုးယာဉ်တစ်စီး၊ ပါဂျဲရိုးယာဉ်တစ်စီးနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက အင်ဂျန်းယန်မြို့နယ် မေခမြစ်အနောက်ဘက်ခြမ်း ခါဘာရွာအနီးရှိ တရားမဝင် ရွှေတူးဖော်မှုလုပ်ငန်းများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ လူနေတဲ ခြောက်လုံး၊ ဘက်ဟိုးယာဉ်တစ်စီး၊ ပါဂျဲရိုးယာဉ် တစ်စီး၊ အင်ဂျင် ကိုးလုံးနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက်က မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာရှိ တရားမဝင် ရွှေလုပ်ကွက်များကို ရှာဖွေဖမ်းဆီးအရေးယူခဲ့ပြီး ယခုဖမ်းဆီးဖော်ထုတ်မှုမှာ ဒုတိယအကြိမ်ဖြစ်ကာ ကချင်ပြည်နယ်အတွင်း တရားမဝင် ရွှေတူးဖော်မှုများရှိပါက ဆက်လက်ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မိုင်းပြင်းမြို့နယ်၌ တရားမဝင် ပိတောက်သစ် ၂၂ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ဖမ်းဆီးရမိသည့်စာရင်းများအရ တရားမဝင်သစ်များဖြစ်သည့် ကျွန်း ၁၀၇ ဒသမ ၇၈၅၁ တန်၊ သစ်မာ ၈၃ ဒသမ ၇၁၅၀ တန်၊ အခြားသစ် ၁၇၄ ဒသမ ၉၈၁၇ တန် စုစုပေါင်း ၃၆၆ ဒသမ ၄၈၁၈ တန်၊ ပြစ်မှုကျူးလွန်သူ ၄၆ ဦးနှင့် ယာဉ်/ ယန္တရား ၃၂ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိမှုများတွင် စက်တင်ဘာ ၁၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်(ပူးတွဲ) မိုင်းပြင်းမြို့နယ် မိုင်းပုကြီးကြိုးပြင်ကာကွယ်တောအနောက်တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ တရားမဝင် ပိတောက်သစ်လုံးနှင့် ခွဲသား စုစုပေါင်း ၂၂ ဒသမ ဝ၆၄၅ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မောင်လှမော်**



တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မျိုးလွင် စက်တင်ဘာ ၁၄ ရက်က တာမွေမြို့နယ် နတ်မောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံ၍ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ ကိုဌေး

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

**မိုးညို စက်တင်ဘာ ၁၈**
(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ခန့်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးကျော့ဟန်တို့ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရဲမေများသည် စက်တင်ဘာ ပထမပတ်က မိုးညိုမြို့ မြို့မရပ်ကွက်ရှိ ဓမ္မိကပရိယတ္တိစာသင်တိုက်နှင့် ကျောင်းအတွင်း တည်ထားကိုးကွယ်သော အောင်ချမ်းသာ သဗ္ဗညုစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၊ အပြင်ရှိ ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (မိုးညို)**

## ဖျာပုံ-ဒေးဒရဲ ကားလမ်းမပေါ်တွင် ယာဉ်တစ်စီး မီးလောင်

**ဖျာပုံ စက်တင်ဘာ ၁၈**
ဒေးဒရဲမြို့နယ် ဖျာပုံ- ဒေးဒရဲကားလမ်း မငေးလေးကျေးရွာအနီး မိုင်တိုင်အမှတ် ၁၄/၄ မှ ၁၄/၅ အကြားတွင် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖျာပုံမြို့မှ ဒေးဒရဲမြို့သို့ ယာဉ်မောင်း နေမျိုးအောင် မောင်းနှင်လာသောယာဉ်သည် လောင်စာဆီဂက်စ်ပိုက်လိုင်းမှ ဓာတ်ဆီလိုင်းသို့ ချိန်းပြောင်းမောင်းနှင်စဉ် အင်ဂျင်ပိုင်းမှ မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုပါ ယာဉ်ပေါ်တွင် ခရီးသည်လိုက်ပါခြင်းမရှိဘဲ ယာဉ်မောင်းတစ်ဦးတည်း မောင်းနှင်လာပြီး ထိခိုက်မှုမရှိကြောင်း၊ ယာဉ်မီးလောင်မှုနှင့်ပတ်သက်ပြီး ယာဉ်မောင်းနှင်သူအား ဒေးဒရဲမြို့နယ် နောက်ပြန်ဒိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

## မြန်မာ-အိန္ဒိယနယ်စပ်ချောင်း၌ အမျိုးသမီးတစ်ဦး ရေနစ်သေဆုံး

**ရိခေါဒါရ် စက်တင်ဘာ ၁၈**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချောင်း (ဒေသအခေါ်) တီအိုချောင်းတွင် စက်တင်ဘာ ၁၆ ရက်က အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်နေ ဒေါ်လာလ်နွန်ကျန်းသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချောင်း (ဒေသအခေါ်) တီအိုချောင်းအတွင်းသို့ဆင်း၍ ခရုကောက်စဉ် ခြေချော်ကျကာ ရေစီးကြောင်းအတိုင်း မျောပါပျောက်ဆုံးခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် အိန္ဒိယနိုင်ငံ ဘူလ်ဖက်ကျေးရွာအနီး တီအိုချောင်းကမ်းစပ်၌ သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရိခေါဒါရ်နယ်မြေစခန်းမှူး ရဲအုပ်အောင်ဆန်းလင်းက သေမှုသေခင်းဖွင့်၍စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**



မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့် စက်တင်ဘာ ၁၆ ရက်က မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ လုပ်ငန်းရှင်၊ ဂိတ်တာဝန်ခံများနှင့် တွေ့ဆုံ၍ မှုခင်းအသိပညာပေး ဟောပြောစဉ်။ ကိုရဲ

MYANMAR MICROFINANCE BANK
MMB
မြန်မာအသေးစားငွေရေးကြေးရေးဘဏ်

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ "မော်လမြိုင်ဘဏ်ခွဲ" ကို မော်လမြိုင်မြို့၊
မွန်ပြည်နယ်တွင် ၁၉.၉.၂၀၁၉(ကြာသပတေးနေ့) ၌ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို
ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအားသတင်းကောင်းပါးအပ်ပါသည်။

မော်လမြိုင်ဘဏ်ခွဲ
တိုက် (C) ၊အခန်း (၁)၊ သာသနာ့ဗိမာန်လမ်း၊ မော်လမြိုင်ဘောလုံးကွင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
ဖုန်း ၀၅၇-၂၂၀၁၁ ၊ ၂၁၀၂၆၊ ၂၁၁၀၇၊ ၂၁၀၄၄၊ ၂၁၀၇၆၊ ၂၁၁၁၇။

" M M B For All "

# ဂီတလောကနဲ့ မောင်မိုးသူ

**မောင်မိုးသူ**

မောင်မိုးသူဟာ မန္တလေးမှာ အထက်တန်းကျောင်းနေ၊ မန္တလေးတက္ကသိုလ်တက်၊ မန္တလေးမှာ အိမ်ထောင်ကျပြီး သားသမီးနှစ်ယောက် ထွန်းကားခဲ့သူဖြစ်ပေမယ့် တကယ့် တကယ်အနေကြာခဲ့တာက ရန်ကုန်မှာလို့ ဆိုရမှာ ဖြစ်ပါတယ်။

မန္တလေးနေစဉ် ငယ်ဘဝမှာ ဂီတလောကနဲ့ ပတ်သက်မှု အလွန်နည်းပါးခဲ့ပြီး ၁၉၅၆ ခုနှစ် တက္ကသိုလ် ရောက်မှသာ ဂီတလောကနဲ့ ရင်းနှီးပတ်သက်ခဲ့ရတယ်လို့ ဆိုရမယ် ထင်ပါတယ်။ မန္တလေးမှာမွေး၊ မန္တလေးမှာကြီး၊ မန္တလေးကျောင်းမှာနေ၊ မန္တလေးမှာ အိမ်ထောင်ကျသူ ဖြစ်လို့ မန္တလေးဂီတလောကမှ ပညာရှင်များ၊ တီးဝိုင်း အဖွဲ့များ၊ အငြိမ့်မင်းသမီးများနဲ့ ရင်းနှီးခင်မင်ခဲ့ပါတယ်။

မန္တလေးရဲ့အထင်ရှားဆုံး မြို့မငြိမ်းတို့၊ နန်းတော်ရှေ့ဆရာတင်တို့ကို မသိ၊ မမီ ၊ မဆုံလိုက်ရပေမယ့် ဆရာငြိမ်းရဲ့ သားသမီး၊ သမက်များနဲ့ တအားရင်းနှီးခဲ့ပါတယ်။ အကြောင်းကတော့ ဆရာငြိမ်းရဲ့သမက်က မောင်မိုးသူရဲ့ အရင်းနှီးဆုံးသူငယ်ချင်း ပန်းချီဆရာ ပေါ်ဦးသက် ဖြစ်နေတာကြောင့်ပါ။ ထို့အတူ နန်းတော်ရှေ့ဆရာတင်ရဲ့သား ရွှေနန်းတင်နဲ့ ခင်မင်ရင်းနှီးပါတယ်။ ဆရာတင်ရဲ့သီချင်းများကို ရုပ်ရှင်ကားထဲမှာ ထည့်သွင်း ရိုက်ကူးဖို့ ဆရာရွှေနန်းတင်ထံ ခွင့်တောင်းပြီး ရုပ်ရှင် ဇာတ်ကားများမှာ ထည့်သွင်းရိုက်ကူးခဲ့ဖူးပါတယ်။

မောင်မိုးသူရဲ့ "မှုန်နံ့သာခြယ်ကာ သပါလို့" ဇာတ်ကားမှာ အဓိကဇာတ်ဝင်သီချင်းဖြစ်တဲ့ ကျုပ်ရည်းစားနဲ့သွားအောင်စောင့်ဦးမယ်ဆိုတဲ့အောင်ပင်လယ် သီချင်းဟာ ဆရာတင်ရဲ့သား ရွှေနန်းတင်ထံကနေ တောင်းယူခဲ့ခြင်းဖြစ်ပါတယ်။ ထိုနည်းတူ ဆရာတင်ရဲ့ နာမည်ကျော်သီချင်းတစ်ပုဒ်ဖြစ်တဲ့ "ရွှေမိုးညို" သီချင်းကိုလည်း မောင်မိုးသူရဲ့တကယ်ချစ်ရဲ့လား ဇာတ်ကားထဲမှာ ရိုက်ကူးဖြစ်ခဲ့ပါတယ်။

အဲဒီသီချင်းမှာ "မိုးတွေကညို ဘာလိုလိုနဲ့ နန်းတော်ရှေ့ကို လွမ်းရမယ့် သဏ္ဍာန်ပုံလို လွမ်းတာနဲ့အသံကုန်ဆို...ဟိုသီချင်းလေးကို ရွှေးလို့ဆို ရန်ကုန်မှာ မပြတ်နေပါတယ် နတ်ပြည်ကြီးလို့ဆိုကြပါစို့ အို ပန်းခြံအတွင်း အင်္ဂလိပ်ဘင်သံတွေက နားဝင်ချို ကျုပ်တို့ ဗေတိုးဗုံလောက် နားထဲမစွဲပေါင်ဗျို ပတ်ဗေတိုးဗုံ၊ ပြန်တော့မယ် မောင်တင်ပြန်တော့မယ်နဲ့ ကွမ်းခြံဘူတာရုံမှာ လက်မှတ်တောင်ဝယ်လို့ထားပေမယ့် ပုဇွန်တောင်၊ ကြည့်မြင်တိုင်သားတွေက တားပြန်သကို ပတ်ဗေတိုးဗုံ" ရွှေမိုးညိုသီချင်းကို ဇာတ်ကားထဲမှာ ရိုက်ကူးဖော်ပြခဲ့ဖူးပါတယ်။ ဆရာတင်ရဲ့ကြုံကြုံဖန်ဖန် ရန်ကုန်သူ သီချင်းကို ဇာတ်ကားထဲမှာ ထည့်သွင်းရိုက်ကူးဖြစ်ခဲ့သော်လည်း ကတ္တီပါဖိနပ်သီချင်းကို အသံသွင်းခဲ့ဖူးသော်လည်း ဇာတ်ကားထဲမှာ ထည့်သွင်းရိုက်ကူးခဲ့ခြင်း မရှိပါဘူး။ တကယ်တမ်း ထည့်သွင်းရိုက်ကူးဖြစ်တဲ့ သီချင်းရေးဆရာနှစ်ယောက်က စန္ဒရားလှထွဋ်နဲ့ စန္ဒရားချစ်ဆွေတို့ရဲ့ သီချင်းများဖြစ်ပါတယ်။



အမှတ်တရ ပန်းချီဓာတ်ပုံလေးတစ်ပုံ ဖော်ပြလိုက်ချင်တယ်။ အဲဒီဓာတ်ပုံထဲမှာ ဘယ်အစွန်ဆုံး ရပ်နေသူမှာ ဦးဝင်းဖေ၊ ထိုင်နေသူမှာ စန္ဒရားသိန်းမောင်၊ သူ့ဘေးမှာ ရပ်နေသူမှာ အောင်ကြီးမြင့်၊ ဦးထုပ်နဲ့ ထိုင်နေသူမှာ ကိုဘိုကြီး၊ ရပ်နေသူမှာ ဖိုးရွှန်း(ဆရာငြိမ်းရဲ့သား ဦးရွှန်းမြိုင်)၊ ဦးထုပ်နဲ့ ဘေးတစောင်း ရပ်နေသူမှာ ပေါ်ဦးသက်ဖြစ်ပြီး ဘေးကထိုင်နေသူနှစ်ယောက်မှာ မောင်မိုးသူနဲ့ သိန်းသန်းထွန်းတို့ ဖြစ်ပါတယ်။ အဲဒီပုံဟာ မန္တလေးခေတ် မောင်မိုးသူရဲ့ရှားရှားပါးပါး ငယ်သူငယ်ချင်းများနဲ့ စုပြီး ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။

မန္တလေးခေတ် မောင်မိုးသူနဲ့ ရင်းနှီးတဲ့ တီးဝိုင်းအဖွဲ့တွေက မြို့မ၊ သင်္ဂဟ၊ ဂီတလုလင်၊ သိင်္ဂီအစရှိတဲ့ အဖွဲ့တို့ဖြစ်ကြပါတယ်။ မန္တလေးမြို့ရဲ့နာမည်ကျော် အနုပညာရှင်ကြီး ဓားတန်းဦးသန့်နဲ့ သိပ်မရင်းနှီးခဲ့ရသော်လည်း သူ့သားများနဲ့ကျောင်းနေဖက်များ ဖြစ်ကြပါတယ်။ ဓားတန်းဝင်းထဲမှာနေတဲ့ မြို့မကိုပေါ်ကမူ မောင်မိုးသူရဲ့အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်ပါတယ်။ မန္တလေးရုပ်ရှင်ရဲ့ အကယ်ဒမီ ဓာတ်ပုံဆရာမှာ ဦးမောင်လေးနဲ့ ကိုပေါ်တို့ ဖြစ်ပါတယ်။

တက္ကသိုလ်ကိုကိုလေးနဲ့ မောင်မိုးသူတို့ရိုက်ကူးခဲ့တဲ့ "ရေပွက်ပမာ" နှင့် "ရန်ကုန်သားနဲ့ မန္တလေးသူ" ဇာတ်ကားများဟာ မန္တလေးရုပ်ရှင်စက်နဲ့ ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအချိန်က မြို့မကိုပေါ်အတွက် မောင်မိုးသူက ဇာတ်ညွှန်းတွေ ရေးသားခဲ့ပြီးနောက် ငွေငန်းဖြူရုပ်ရှင်အတွက် ဒါရိုက်တာကိုပေါ် ရိုက်ကူးတဲ့ဇာတ်ကားကို မောင်မိုးသူ လိုက်လံကူညီခဲ့ရဖူးပါတယ်။ ဆိုလိုတာက မောင်မိုးသူ ငယ်ဘဝ တက္ကသိုလ်ကျောင်းသားခေတ်က ရင်းနှီးရသူများမှာ ရန်ကုန်မှ ဦးမြတ်လေး၊ စန္ဒရားချစ်ဆွေ၊ ကိုလေးညွန့်တို့ ဖြစ်ကြပါတယ်။ မောင်မိုးသူရဲ့ မန္တလေးသီးခြားတက္ကသိုလ် သီချင်းကို ရေးစပ်ခဲ့သူမှာလည်း မြတ်လေး၊ စန္ဒရား ချစ်ဆွေ၊ ကိုလေးညွန့်တို့ ရေးစပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဦးမြတ်လေး၊ စန္ဒရားချစ်ဆွေနဲ့ ကိုလေးညွန့်တို့မှာ ရန်ကုန်တက္ကသိုလ်ရဲ့ ဂီတဆရာများဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှာ ခင်းကျင်းပြသခဲ့တဲ့ ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ ဇာတ်လမ်းမှာ ဦးမြတ်လေးရဲ့လက်ရာတစ်ခုဖြစ်ပြီး မောင်မိုးသူရဲ့ မိုးဦးပန်းစာအုပ်တိုက်က ထုတ်ဝေခဲ့ဖူးပါတယ်။ ဆိုလိုတာက ရန်ကုန်ဂီတအသိုင်းအဝိုင်းနဲ့ မောင်မိုးသူ အနုပညာလောကသို့ရောက်ရှိချိန်တွင် ပိုမိုရင်းနှီးခဲ့တယ်ဆိုတဲ့အကြောင်းပင် ဖြစ်ပါတယ်။ မောင်မိုးသူ ရုပ်ရှင်လောကကို ရောက်ရှိချိန် အရင်းနှီးဆုံး အချစ်ဆုံး ဂီတဆရာကြီးမှာ စန္ဒရားလှထွဋ်ပဲ ဖြစ်ပါတယ်။ မောင်မိုးသူ ဒါရိုက်တာအဖြစ်နဲ့ရိုက်ကူးတဲ့ ဇာတ်ကားဆယ်ကားအနက် ကိုးကားမှာ စန္ဒရားလှထွဋ်ရဲ့လက်ရာများ ဖြစ်ပါတယ်။

**မောင်မိုးသူ ဂီတနဲ့ပတ်သက်ပြီး ဘာမျှသိနားလည်ခြင်း မဟုတ်ပါ။ သို့သော် မောင်မိုးသူရဲ့ကြွားလုံးတစ်ခုကို ဒီနေရာတွင် ဖော်ပြပါရစေ။ ကမ္ဘာကျော် တယောဆရာကြီး ယဟူဒီ မနူဟင်ဟာ ကမ္ဘာကျော် ဂီတဝိဇ္ဇာဆရာကြီးဖြစ်ပြီး မောင်မိုးသူကမှ နားထောင်ဝိဇ္ဇာဖြစ်သည်ကို ကြွားလုံး ထုတ်ခဲ့ဖူးပါတယ်။ ဦးကိုကိုအိမ်မှာ တစ်ကြိမ်တစ်ခါက နိုင်ငံခြားသူတစ်ဦး လာရောက်ပညာသင်ကြားနေကာ မောင်မိုးသူရောက်ရှိသွားပြီး ဆရာကိုရဲ့မြန်မာ့ဂီတစန္ဒရား လက်သံများကို တစိုက်မတ်မတ် နားထောင်ခဲ့ရ**

ရန်ကုန်ဂီတလောကမှာ မောင်မိုးသူ ရင်းနှီးချစ်ခင်ရတဲ့ ဂီတဆရာများအနက် ယခုတိုင် အသက်အကြီးဆုံးဖြစ်တဲ့ အကိုလေး (ဘိုကလေးတင့်အောင်)နဲ့ ဂီတလုလင် မောင်ကိုကိုတို့ ညီနောင်ဖြစ်ပါတယ်။ အကိုလေး (ဘိုကလေးတင့်အောင်)နဲ့ မောင်မိုးသူရင်းနှီးရပုံမှာလည်း အလွန်ပင် အမှတ်တရဖြစ်စရာ ကောင်းလှပါတယ်။ ဥက္ကဋ္ဌအေဝမ်း ဦးတင်မောင်၊ အတွင်းရေးမှူးမင်းသား ဦးရွှေဘတို့ရဲ့ ရုပ်ရှင်ကောင်စီ နှစ်နှစ်သက်တမ်းတွင် ရုပ်ရှင်နဲ့ ဂီတ နှစ်ဖွဲ့ပေါင်းတဲ့ ပြဇာတ်ကြီးတစ်ခု ကျိုက္ကဆံကွင်းမှာ ၁၀ ညတိုင်တိုင် ကပြခဲ့ဖူးပါတယ်။

မောင်မိုးသူက ရုပ်ရှင်ကောင်စီဘက်မှ တာဝန်ခံတစ်ဦးဖြစ်ပြီး ပြဇာတ်နဲ့ပတ်သက်လို့ လုံးဝထိစပ်ကျွမ်းဝင် ခြင်းမရှိခဲ့ပါ။ မန္တလေးစာဆိုတော်ပြဇာတ်တွေမှာ ပါဝင် ကပြခဲ့ရတဲ့ လူငယ်တစ်ဦးအဖြစ်သာ ပါဝင်ခဲ့ရသူ ဖြစ်ပါတယ်။ ရုပ်ရှင်နဲ့ ဂီတစုပေါင်းပြဇာတ်ကြီးကပြရာ ဂီတဘက်မှ အကိုလေး (ဘိုကလေးတင့်အောင်)က ပြဇာတ်များကို ဦးစီးဦးဆောင်ကပြရသူ ဖြစ်ပါတယ်။ အဲဒီပြဇာတ်တွင် ဆရာရွှေဒုံးဘီအောင်ရဲ့ ပြဇာတ်၊ ဆရာဦးသုခရဲ့ ပြဇာတ်များကိုလည်း ဘိုကလေးတင့်အောင်က ကြိုးမှူးဇာတ်တိုက် ကပြရသူဖြစ်ရာ မောင်မိုးသူက ရုပ်ရှင်ဘက်မှ နံဘေးမှ ကူညီရသူတစ်ဦးဖြစ်ပါတယ်။

မောင်မိုးသူ ရုပ်ရှင်မှာ တင်ဆက်တဲ့ ပြဇာတ်များကမူ အကိုလေးကသာ စီစဉ်ရတာဖြစ်ပါတယ်။ မောင်မိုးသူက ပါဝင်ကူညီရသူသာ ဖြစ်ပါတယ်။ ဘာပဲပြောပြော ရန်ကုန်ဂီတလောကမှာ ဘိုကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကိုတို့ ညီနောင်နဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်ခဲ့ရပါတယ်။ တစ်ချိန်သောအခါက ရုပ်ရှင်နောက်ခံတေးသီချင်းများ ဖွဲ့စည်းရေးစပ်ရသူ နာမည်အကြီးဆုံးဖြစ်တဲ့ ဂီတလုလင်မောင်ကိုကိုရဲ့ ရုပ်ရှင်နောက်ခံတေးသီချင်းများနဲ့ပတ်သက်လို့ မဂ္ဂဇင်းတစ်စောင်က အင်တာဗျူးလုပ်ခွင့်ကို ဦးကိုကိုထံ ခွင့်တောင်းရာ ဦးကိုကိုက မိုးသူ မင်းလာမှ ငါပြောမယ်လို့ ပြောခဲ့လို့ ဦးကိုကိုထံ မောင်မိုးသူ သွားရောက် အင်တာဗျူးဆောင်းပါးများ ရေးသားပေးခဲ့ဖူးပါတယ်။

ဦးကိုကိုနဲ့ မောင်မိုးသူတို့နှစ်ယောက် ရုပ်ရှင်နောက်ခံသီချင်းများအကြောင်း အင်တာဗျူးလုပ်ရာမှာ ဦးကိုကိုနဲ့ မောင်မိုးသူတို့ နှစ်ယောက်အင်တာဗျူးမှာ အသံဖမ်းစက်ဖြင့်ဖမ်းပြီး အင်တာဗျူးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အင်တာဗျူးကို မဂ္ဂဇင်းတိုက်မှ ပြန်လည်ကူးယူဖော်ပြရာ ဦးကိုကိုက မောင်မိုးသူကို မိုးသူဟု ခေါ်လိုက်၊ သူငယ်ချင်းဟု ခေါ်လိုက်နဲ့ အဲဒီအတိုင်း ပါရှိသွားရာ စာဖတ်သူများက ဦးကိုကိုနဲ့ မောင်မိုးသူကို ရွယ်တူများဟု ထင်မှတ်ခြင်းခံခဲ့ရပါတယ်။ အကိုလေးနဲ့ ဦးကိုကိုတို့အပြင် ဂီတဝိုင်းတွေမှာ မောင်မိုးသူ တစ်ယောက်ကို အမြဲပါဝင်ဖိတ်ခေါ်လေ့ရှိပါတယ်။

တကယ်က မောင်မိုးသူ ဂီတနဲ့ပတ်သက်ပြီး ဘာမျှသိနားလည်ခြင်းမဟုတ်ပါ။ သို့သော် မောင်မိုးသူရဲ့ ကြွားလုံးတစ်ခုကို ဒီနေရာတွင် ဖော်ပြပါရစေ။ ကမ္ဘာကျော် တယောဆရာကြီး ယဟူဒီ မနူဟင်ဟာ ကမ္ဘာကျော် ဂီတဝိဇ္ဇာဆရာကြီးဖြစ်ပြီး မောင်မိုးသူကမူ နားထောင်ဝိဇ္ဇာဖြစ်သည်ကို ကြွားလုံးထုတ်ခဲ့ဖူးပါတယ်။ ဦးကိုကိုအိမ်မှာ တစ်ကြိမ်တစ်ခါက နိုင်ငံခြားသူတစ်ဦး လာရောက် ပညာသင်ကြားနေကာ မောင်မိုးသူ ရောက်ရှိသွားပြီး ဆရာကိုရဲ့မြန်မာ့ဂီတစန္ဒရားလက်သံများကို တစိုက်မတ်မတ် နားထောင်ခဲ့ရဖူးပါတယ်။

ဆရာကိုတို့အိမ်ရောက်တိုင်း ဝိုင်းဖွဲ့ကြရာမှာ မောင်မိုးသူ အမြဲပါလေ့ရှိပါတယ်။ အကိုလေး၊ ဦးကိုကို၊ ကိုလေးညွန့်တို့ စားသောက်ပွဲများမှာလည်း မောင်မိုးသူကို ဖိတ်ခေါ်လေ့ရှိပါတယ်။ သူတို့အားလုံးက မောင်မိုးသူကို ဂီတနားထောင်သူတစ်ဦးအဖြစ် အသိအမှတ်ပြုထားပုံရပါတယ်။ ထို့နောက် မောင်မိုးသူ ရုပ်ရှင်ဒါရိုက်တာဘဝမှာ အရင်းနှီးဆုံး ဂီတဆရာမှာလည်း စန္ဒရားလှထွဋ်ဖြစ်ပြီး မောင်မိုးသူရဲ့ဇာတ်ကားအားလုံးကို ဂီတမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူမှာလည်း စန္ဒရားလှထွဋ်ပဲ ဖြစ်ပါတယ်။ စန္ဒရားလှထွဋ်နဲ့ မောင်မိုးသူတို့နှစ်ယောက်အကြောင်းကတော့ စာတစ်အုပ် စာတစ်ပုဒ်ရေးဖွဲ့လောက်အောင် ရှည်လျားလှပါတယ်။ ရှေ့တစ်ပတ် ဆက်ရေးပါမယ်။ ။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြော

**ဖျာပုံ စက်တင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးသန်းဦး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းထွန်းဝင်းတို့က ကလေးသူငယ်ဆိုင်ရာ မှုခင်းအတွေ့အကြုံများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြည်သူများသိရှိပြီး အခွင့်အရေးအပြည့်အဝ ရနိုင်ရေးအတွက် ဖျာပုံခရိုင်အတွင်းမှ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များရှိ စာသင်ကျောင်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများအား အသိပေးဟောပြောခြင်းများ ဆက်လက်ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း(၅)**

**ဘဏ္ဍာငွေ သုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း**

၁၁။ ဦးစီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသောပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူ၍ ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၁၂။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ထားရှိရမည်-

(၁) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၂) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ သတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည်-

(က) ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ဥပဒေနှင့်အညီ စိစစ်လက်ခံရမည်။

(ခ) လက်ခံရရှိသော ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် စနစ်တကျသုံးစွဲပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်။

၁၄။ ဦးစီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေသုံးစွဲရာတွင် ကောင်စီ၏ အဆုံးအဖြတ်ကို ခံယူရမည်။

၁၅။ ဦးစီးဌာနသည်-

(က) ကောင်စီနှင့် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) လိုအပ်ပါက ကောင်စီနှင့် လုပ်ငန်းကော်မတီတို့၏ ချီးမြှင့်ငွေနှင့် အသုံးစရိတ်များကို ကျခံရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနနှင့် လုပ်ငန်းကော်မတီသည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၇။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသန ဥပဒေ (၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ ။)**
**၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့်ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတွင် နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပသည့် Myanmar Studies from Center, Periphery and Boundary: (Old View, New Version) An Interdisciplinary Symposium နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သမိုင်းပညာရှင်များ၏ သမိုင်းအမြင်၊ သမိုင်းအသိများကို ခေတ်နှင့်အညီ လေ့လာဆန်းစစ်သုံးသပ်ပြီး Old View ကိုလည်း မပယ်ဘဲ အသိသစ်၊ အမြင်သစ်များ ဖော်ထုတ်လိုသောကြောင့် နိုင်ငံတကာစာတမ်းဖတ်ပွဲကြီးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲကို အသိသစ်၊ အမြင်သစ်များဖော်ထုတ်ပြီး အယူအဆသစ်များ၊ အတွေးအမြင်သစ်များ ပေါ်ထွက်လာမှုကို အထောက်အကူဖြစ်စေရန် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်း ဖြစ်ပေါ်လာရေးတွင် ပိုမိုကောင်းမွန်ဆန်းသစ်သည့် အသိသစ်၊ အမြင်သစ်များ ဖြည့်စွက်နိုင်စေရန်၊ နိုင်ငံတကာ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်ပမှစာတမ်း ၂၉ စောင်နှင့် ပြည်တွင်းမှ စာတမ်း ၂၆ စောင် စုစုပေါင်းစာတမ်း ၅၅ စောင်ကို လက်ခံရရှိခဲ့ပြီး သုတေသနစာတမ်းများကို စိစစ်ရွေးချယ်ရေးကော်မတီက စံသတ်မှတ်ချက် ငါးချက်နှင့်ကိုက်ညီသည့် စာတမ်းပေါင်း ၂၁ စောင်ကို ရွေးချယ်ခဲ့သည်။ **ဆရာမင်း (ရုပဗေဒ)**



# ကယားပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**မယ်စဲ့ စက်တင်ဘာ ၁၈**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မယ်စဲ့မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့ကုန်သွယ်ရေးစခန်း(ကုန်စစ်စင်)တွင် နယ်စပ်ပို့ကုန်များ စစ်ဆေးနေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့မှ ရိုက်ကူးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် မယ်စဲ့ဘီပီ(၁၃) နယ်စပ်ဂိတ်သို့ရောက်ရှိကာ Pretty Peacock Co.Ltd မှ တာဝန်ယူဆောင်ရွက်နေသည့် နယ်စပ်ဝင်ထွက်စစ်ဆေးစခန်း RC တစ်ထပ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်မန်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်း(ကုန်စစ်စင်) အနီးရှိ နယ်စပ်ဝင်၊ ထွက်ယာဉ်ငယ်စစ်ကြောရေးစခန်း ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## မြေယာလျော်ကြေးငွေပေးအပ်

**ကန့်ဘလူ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရေကြည်ကျေးရွာအနီး လျှပ်စစ်ရေတင်လုပ်ငန်း ရေမြောင်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် မြေယာလျော်ကြေးငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ဒုတိယပတ်က ကျင်းပသည်။

ရေကြည်ကျေးရွာမှ တောင်သူ ၁၀ ဦးအား လယ်မြေ ၂ ဒသမ ၅၃ ဧကအတွက် ငွေကျပ် ၈၈ ဒသမ ၅၅ သိန်း၊ ယာမြေ သုည ဒသမ ၅၅ ဧကအတွက် ငွေကျပ် ၁၁ ဒသမ ၄၅ သိန်း စုစုပေါင်းကျပ်သိန်း ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်(ရန်ကုန်) စတင်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Telecom International Myanmar Co.,Ltd. (Mytel) ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (ရန်ကုန်) ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက Dagon Golf City ဂေါက်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Telecom International Myanmar Co.,Ltd.(Mytel) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများသည် သတ်မှတ်တီခုံပေါ်၌ နေရာယူပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဦးဝင်းလှိုင်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အကြီးတန်းအကြံပေးပုဂ္ဂိုလ် ဦးသန့်ဆွေနှင့် Telecom International Myanmar Co.,Ltd. (Mytel)၊ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့က အလှည့်ကျဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၆ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၁၄၂ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၁၅ ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ယခုပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို Myanmar Zwe Mann Co,.Ltd.၊ MWD Bank၊ Telecom International Myanmar Co., Ltd. (Mytel)၊ SAE PAING Development Ltd.၊ Phyo Si Thu Teak Plantation(Myanmar) & Bago Yoma Eco Resort(Myanmar) နှင့် INNWA Bank တို့က အဓိကကူညီပံ့ပိုးပေးထားပြီး အားကစားသမားများ သွားလာမှုလွယ်ကူစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်က အခမဲ့ကူညီပံ့ပိုးပေးထားသည်။

**သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**





# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ခင်ဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေဘိုခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ခင်ဦးမြို့ မြကန်သာရပ်ကွက် သိန်းကမ္ဘာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ ဆွေးနွေးမေးမြန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလကျော်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လက်ရှိနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**မော်လမြိုင်**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိနှင့်တပ်ဖွဲ့ဝင် ၁၂ ဦး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ အရာရှိနှင့်တပ်ဖွဲ့ဝင် ၁၆ ဦး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိနှင့်တပ်ဖွဲ့ဝင် သုံးဦး၊ ပြည်နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများနှင့် ရဲစခန်းများမှ အရာရှိနှင့်တပ်ဖွဲ့ဝင် ၅၆ ဦး၊ အမှတ်(၁၂) ယာဉ်ထိန်းရဲဒု-တပ်ဖွဲ့ခွဲ၊ အမှတ်(၃၈) မူးယစ်တပ်ဖွဲ့စု၊ အမှတ် (၁၅) ရထားရဲတပ်ဖွဲ့စု၊ အမှတ်(၁၂) ကမ္ဘာလှည့် ရဲတပ်ဖွဲ့စုတို့မှ အရာရှိနှင့် တပ်ဖွဲ့ဝင် ၁၄ ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၁၀၁ ဦးတို့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီမှစတင်၍ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်နှင့်အဖွဲ့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အားဖြည့်အစားအစာနှင့် ဆေးဝါးများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ**



**သထုံ**

သထုံခရိုင်မှူး ဒု-ရဲမှူးကြီးကျော်ဝင်း၏ လမ်းညွှန်မှုဖြင့် သထုံခရိုင် သထုံ၊ ဘီးလင်း၊ ပေါင်မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များ၊ သထုံယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မိသားစုဝင်များက စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက သထုံခရိုင်ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## မူခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရဲတပ်ဖွဲ့ နယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ထွန်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီခွဲက ၁၀/တောင် ၁၄ ရပ်ကွက် မူခင်းသတင်းထောက်ရုံးခန်း၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်

**ကြေးမုံ**

## ကျောင်းသားအားကစားပွဲတော် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပြေးခုန်ပစ်၊ ရေကူး၊ တိုက်ကွမ်ဒို၊ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကာယကြံ့ခိုင်မှု၊ ရိုးရာခြင်းလုံး၊ စက်ဘီး၊ ဖူဆယ် (အမျိုးသမီး) ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## မင်းလက်ဝါးဘုန်းတော်ကြီးကျောင်း ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ပေးစေလို

**မုံရွာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ အမြင့်ရှေးဟောင်းဒေသတွင် မင်းတုန်းမင်းကြီးလက်ထက် အမှုတော်ထမ်းခဲ့သည့် အမြင့်မြို့စား မင်းလက်ဝါးက သက္ကရာဇ် ၁၂၂၀ တွင် စတင်ဆောက်လုပ်လှူဒါန်းခဲ့သည့် နှစ်ပေါင်း ၁၆၀ သက်တမ်းရှိ ရတနာပုံခေတ်လက်ရာ မင်းလက်ဝါးဘုန်းတော်ကြီးကျောင်းအား ရေရှည်တည်တံ့စေရေးအတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။



“ဒီကျောင်းတော်ကြီး ရေရှည်တည်တံ့စွာ တည်ရှိနေဖို့အတွက် သက်ဆိုင်ရာဌာန တာဝန်ရှိသူတွေ၊ အလှူရှင်တွေအနေနဲ့ လာရောက်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်” ဟု အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည့် ဆရာတော် ဦးပညာဒီပက မိန့်ကြားသည်။

ထို့ပြင် မင်းလက်ဝါးမြို့စားကြီး၏ မြစ်တော်သူ ဦးကျော်ဇောကလည်း “ဒီကျောင်းတော်ကြီးက ရှေးခေတ်ဘုန်းတော်ကြီးကျောင်း အင်္ဂါရပ်တွေ အပြည့်အစုံပါရှိတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ယဉ်ကျေးမှုအမွေအနှစ်ပြယုဂ်တစ်ခုပါ။ လက်ရှိမှာ နှစ်ပေါင်း ၁၆၀ ကြာမြင့်လာတာနဲ့အမျှ ပျက်စီးယိုယွင်းမှုတွေ ဖြစ်ပေါ်နေတာကိုလည်း စိတ်မကောင်းစွာ တွေ့မြင်နေရပါတယ်” ဟု ပြောကြားသည်။

အမြင့်ရှေးဟောင်းဒေသရှိ အဆိုပါ မင်းလက်ဝါးဘုန်းတော်ကြီးကျောင်းကို တိုင်ပေါင်း ၁၃၆ တိုင်ဖြင့် တည်ဆောက်ထားပြီး ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများဆောက်လုပ်ရာတွင်ပါဝင်သည့် ဆောင်မကြီး၊ ဘောဂဆောင်၊ ပြာသာဒ်ဆောင်၊ စနုဆောင် စသည့် အင်္ဂါရပ်အပြည့်အစုံပါရှိပြီး သရက်ကင်းလေ့ကားလေးစင်း တပ်ဆင်ထားရှိကြောင်းနှင့် လက်ရှိတွင် ကျောင်းတော်ကြီး၏ ဘေးပတ်လည် အကာအရံများ၊ ကြမ်းခင်းများ၊ အမိုးများနှင့် အတွင်းပိုင်းနေရာအချို့တွင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အထက (၅)၌ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၆) ဒေါ်သန်းမြင့်အောင် ဦးစီး၍ အောင်ဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ အမက(၁)၊ မူလွန် မ (၂)၊ အလက (၁) နှင့် မူလွန် မ (၉) တို့တွင် ယင်းနေ့ တစ်ချိန်တည်းတွင် အဖွဲ့ဝင်များခွဲကာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

## မီးဘေးလုံခြုံရေး သရုပ်ပြပွဲနှင့် ပညာပေးဟောပြော

**ဆော စက်တင်ဘာ ၁၈**

ဂန့်ဂေါခရိုင် ဆောမြို့နယ် မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မင်းလယ်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ ပြုလုပ်သည်။

ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်သူဝင်းက မီးလောင်မှုဖြစ်ရခြင်းအကြောင်းအရင်းများ၊ လက်ထောက်ဦးစီးမှူး ဒေါ်ဟန်သီထွန်းက မီးဘေးလုံခြုံရေးဆောင်ရွက်ပုံ၊ ကယ်ဆယ်ရေးဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြောကြားပြီး ရှာဖွေကယ်ဆယ်ရေး သုံးပစ္စည်းများ ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် ရှင်းလင်းပြသကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

## ဟဲဗီးဝိတ်ချန်ပီယံ ဗီရာနှင့် ယှဉ်ပြိုင်မည့်ပွဲတွင် အောင်လအန်ဆန် အရေးသာမည်ဟု ဖိုးသော်ပြောကြား

**ရန်ကုန် စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၁၃ ရက်တွင်ကျင်းပမည့် One Championship ၏ One Century ပြိုင်ပွဲကြီးတွင် ဖိလစ်ပိုင်နိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ ဘရန်ဒန်ဗီရာနှင့် အောင်လအန်ဆန်တို့ ထိုးသတ်မည့်ပွဲစဉ်တွင် အောင်လအန်ဆန်အနေဖြင့် သုံးချီနောက်ပိုင်းတွင် အရေးသာနိုင်ကြောင်း MMA ကစားသမား ဖိုးသော်က သုံးသပ်ပြောကြားသည်။

“ငါးချီထိုးရမယ့်ပွဲဖြစ်တဲ့အတွက် အောင်လရဲ့အသက်အရွယ် ကြံ့ခိုင်မှုနဲ့ သုံးချီအတွင်းမှာ ပြိုင်ဘက်ကစားသမားကို သေချာဂရုတစိုက်နဲ့ ဆွဲခေါ်သွားနိုင်တယ်ဆိုရင် လေးချီနဲ့ ငါးချီအတွင်းမှာ အောင်လပဲ အားသာသွားလိမ့်မယ်” ဟု ဖိုးသော်က ပြောကြားသည်။

ထို့အပြင် ဗီရာနှင့် အောင်လအန်ဆန်တို့၏ ဝိတ်တန်းနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်များဖြစ်သည့်အတွက် Fair Fight ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး နိုင်ငံတကာကို live လွှင့်သည့်ပွဲစဉ်များဖြစ်သည့်အတွက် Unfair Fight ဆိုတာ မရှိကြောင်း ဖိုးသော်က ပြောကြားသည်။


အဆိုပါပြိုင်ပွဲတွင် အောင်လအန်ဆန်၏ ဝမ်းမစ်ဒယ်ဝိတ်တန်းချန်ပီယံဆုနှင့် လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံဆု ခါးပတ်နှစ်ခုအနက် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ရရှိလိုသည့်အတွက် ဘရန်ဒန်ဗီရာက စိန်ခေါ်ထိုးသတ်ခြင်းဖြစ်သည်။



“အောင်လအနေနဲ့က ကစားရတာပွဲစိပ်တယ်။ ပြင်ဆင်မှုအနေနဲ့လည်း နှစ်ချီပြီးတော့ နည်းပြကောင်းကောင်းနဲ့ စခန်းသွင်းပြီး လေ့ကျင့်နေတယ်။ သူ့အနေနဲ့ ယုံကြည်မှုလည်းရှိတယ်။ ပရိသတ်အားပေးထောက်ခံမှုလည်း အပြည့်အဝရရှိထားတယ်။ သူ့ရဲ့ပြိုင်ဘက်ကလည်း ကျော်ကြားပြီး အတွေ့အကြုံကောင်းတဲ့ ကစားသမားဖြစ်တဲ့အတွက် ဒီပွဲက ပွဲကြီးပွဲကောင်းဖြစ်လာလိမ့်မယ်။ ဒါပေမယ့် သူတို့နှစ်ယောက်ကြားထဲမှာ အသက်အရွယ်ကွာခြားမှု၊ ကြံ့ခိုင်မှုအနေအထား၊ ပွဲအနီးအဝေး၊ ယုံကြည်မှု အဲဒါတွေအပေါ်မှာ မူတည်ပြီးတော့ ပွဲကတော့ စိတ်ဝင်စားစရာ အများကြီးကောင်းတယ်” ဟု ၎င်းက ပြောသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ၊ ဓာတ်ပုံ-MMA**

# မဲဇလီကြီးတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီး



**ရန်ကုန် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းပေါ်ရှိ မဲဇလီတံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးပြီဖြစ်ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

တံတားအမျိုးအစားမှာ အချင်း ၁ ဒသမ ၂ မီတာ၊ လွန်တူးပိုင်၊ တံတားအောက်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည်မှာ သံမဏိ ယက်မသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်းဖြစ်သည်။ ပင်မတံတား အရှည်မှာ ပေ ၄၀၀ (ယခင်ကြိုးတံတား ဖျက်သိမ်းပြီး Box Girder)၊ ချဉ်းကပ်တံတားအရှည်မှာ ပေ ၅၄၀၊ (ယခင်တည်ဆောက်ပြီး) စုစုပေါင်း တံတားအရှည်မှာ ပေ ၉၄၀ ဖြစ်သည်။ အခန်းဖွဲ့စည်းပုံမှာ ပင်မတံတား ပေ ၂၀၀ × ၂ ခန်း (ယခုတည်ဆောက်မည့် အခန်းပွင့်)၊ ချဉ်းကပ်တံတား အရှည်မှာ ပေ ၆၀ × ၉ ခန်း (ယခင် တည်ဆောက်ပြီး) ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ်မှာ ပင်မတံတား ၂၄ ပေ၊ ချဉ်းကပ်တံတား ၂၄ ပေ ဖြစ်သည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက် နှစ်ပေစီ၊ ရေလမ်းကင်းလွတ် အကျယ်မှာ ပေ ၂၀၀၊ ရေလမ်းကင်းလွတ် နယ် အမြင့်မှာ ပေ ၃၀ ရှိသည်။

မဲဇလီတံတားသည် မကွေးတိုင်း ဒေသကြီး အနောက်ဘက်ခြမ်း၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့ကို ဆက်သွယ်ထားသော ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ အဓိက အချက်အချာကျသော တံတားတစ်စင်း ဖြစ်သောကြောင့် ပုသိမ်-မုံရွာ လမ်းတစ်လျှောက်ရှိ မြို့ရွာနေ ဒေသခံပြည်သူများအတွက် ဒေသထွက်ကုန်များ လျင်မြန်စွာ တင်ပို့ ရောင်းချနိုင်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး ယခင်ထက်ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**




## ဗြိတိန်နိုင်ငံသားအများစုလိုက်ပါသော ခရီးသွားအဖွဲ့ နဘားဘူတာသို့ ရောက်ရှိ

**ကသာ စက်တင်ဘာ ၁၈**

ဗြိတိန်နိုင်ငံသားအများစု လိုက်ပါလာသော ခရီးသည် ၅၄ ဦးသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရထားဖြင့် ကသာမြို့သို့ ရောက်ရှိလာသည်။

နဘားဘူတာ၌ ခရီးသွားများအပန်းဖြေနိုင်ရေး ကသာမြို့ရှိ လုပ်သားမောင် ဆိုင်းဝိုင်းတော်သားများက မြန်မာအက၊ အိုးစည်အကများဖြင့် ဖျော်ဖြေကပြကြိုဆိုခဲ့ကြသည်။

**ငွေအိုး (ကသာ)**

## ကုန်တင်ယာဉ်မောင်းများအား ရေသန့်ဘူးများ လှူဒါန်း

**မူဆယ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် (၁၀၅)မိုင်ကြားရှိ အဝေးပြေးလမ်းမပေါ်တွင် ကုန်တင်ယာဉ်အစီးရေစုစုပေါင်း ၄၀၀ ကျော်သည် တရုတ်နိုင်ငံ ကြယ်ဂေါင်မြို့သို့ ဝင်ရောက်နိုင်ရန် အချိန်ကြန့်ကြာနေခြင်းကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုအဖွဲ့တို့က ကုန်တင်ယာဉ်မောင်းများအား စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေသန့်ဘူးများ သွားရောက်လှူဒါန်းခဲ့သည်။

မူဆယ်မြို့ အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ကုန်တင်ယာဉ်မောင်းများအတွက် ရေသန့်ဘူးစုစုပေါင်း ၁၇၀၀ လှူဒါန်းဝေငှပေးခဲ့သည်။

နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် မန့်ဝိန်းဂိတ်တွင် သာမန်ယာဉ်များ၊ သုံးဘီးယာဉ်များနှင့် ကုန်တင်ယာဉ်များကို တရုတ်နိုင်ငံဘက်မှ အလှည့်ကျဝင်ရောက်စေပြီး ယာဉ်ပေါ်တွင် ပါလာသည့်အထုပ်အပိုးများ၊ ပစ္စည်းများကို စစ်ဆေးရာတွင် ကြန့်ကြာနေခြင်းကြောင့် ကုန်တင်ယာဉ်များ ဝင်ရောက်နိုင်ရန်ကြန့်ကြာနေရခြင်းဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ဘက်မှ ကုန်တင်ယာဉ်အစီးရေ ၅၀၀ ကျော် ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၂၅၀ ခန့်သာ ဝင်ရောက်ခွင့်ပြုခြင်းကြောင့် နေ့စဉ်နှင့်အမျှ မူဆယ်မြို့နှင့် (၁၀၅)မိုင်ကြားတွင် အစီးရေ ၃၀၀ ခန့် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် ရပ်တန့်စောင့်ဆိုင်းနေရကြောင်း အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်၏ ပြောကြားချက်အရ သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၁၈**

စိုက်ပျိုးရေးဦးစီးဌာန ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ပဲခူး (၁၀)မိုင် သင်တန်းကျောင်း၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း (၅/၂၀၁၉) သင်တန်းဖွင့်ပွဲကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းခိုင်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုတို့မှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်သူများအနေဖြင့် မှိုမှ စားသောက်ကုန် ကုန်ချောပစ္စည်းများထုတ်လုပ်တတ်စေရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်ရမည့် နည်းပညာဗဟုသုတများရရှိစေရန်အတွက် မှိုစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ လက်ရှိအောင်မြင်နေသောလုပ်ငန်းရှင်တစ်ဦးက အချိန်ပိုင်း တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပြီးနောက် မိမိဒေသ၌ လက်တွေ့လေ့လာဆောင်ရွက်နိုင်ရန် တစ်ဦးလျှင် မှိုမျိုးထုပ် ၁၀ ထုပ်စီ လက်ဆောင်ပေးအပ်မည်ဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်အခက်အခဲများ ကြုံတွေ့ရပါကလည်း သင်တန်းကျောင်းသို့ ဆက်သွယ်သတင်းပို့၍ အကူအညီရယူနိုင်ကြောင်း သိရသည်။

**အောင်မိုး**

## တိုတိုထွာထွာဖတ်စရာ

### ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို ဟောပြော

**မန္တလေး**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးမြို့ လမ်း၈၀နှင့် ၃၉လမ်းရှိ အလက(၂)(ထခွဲ)ခန်းမ၌ ကျင်းပသည်။

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း (ပညာရေး)က 'မြတ်ဆရာ'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာမခင်လေးငယ်က 'ပွင့်သောပန်းတိုင်းမွှေးကြပါစေ' ခေါင်းစဉ်ဖြင့်လည်းကောင်း ကလေးသူငယ်များ အသိဉာဏ်တိုးပွားစေရန် ဟောပြောသည်။

**ခင်ခင်ဝင်း(ပညာရေး)**

### မိုးနဲလမ်းပိုင်း ယာဉ်လမ်းညွှန်ဆိုင်းဘုတ်များစိုက်ထူ

**မိုးနဲ**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် လမ်းဦးစီးဌာနမှယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုးနဲလမ်းပိုင်းတွင်ယာဉ်လမ်းညွှန် ဆိုင်းဘုတ်များ စိုက်ထူပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းတွင် အကွေ့၊ ကုန်းဆင်း၊ ကုန်းတက်၊ လမ်းကျဉ်း၊ တံတားခံနိုင်ဝန်စသည့် သင်္ကေတများ စုစုပေါင်း ၁၀၀ ကျော်ကို ယာဉ်သွားယာဉ်လာ အဆင်ပြေလွယ်ကူစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တပ်ဆင်သွားမည်ဖြစ်ကြောင်း မိုးနဲမြို့နယ် လမ်းဦးစီးဌာနမှူး ဦးမိုးလွင်က ပြောသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

### ပပြားဆည်ရေဖြင့် စပါးစိုက်ပျိုးမှုပြီးစီး

**ငါ့သရောက်**

ညောင်ဦးခရိုင် ငါ့သရောက်မြို့ အမှတ်(၂) ပျဉ်းပင်ရပ်ရှိ ပပြားဆည်ရေဖြင့် စပါးစိုက်တောင်သူများ စပါးစိုက်ပျိုးပြီးကြပြီဖြစ်ကြောင်း ငါ့သရောက်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

ပပြားဆည်အတွင်း ရေအတော်အတန်ဝင်ရောက်ခြင်းကြောင့် လယ်ပိုင်ရှင်အားလုံးစပါးစိုက်ပျိုးကြရာ စပါးစိုက်ဧက ၂၀ ကျော်စိုက်ပျိုးခဲ့ကြကြောင်း စပါးစိုက်တောင်သူ ဦးပေါ်စံက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

### တိုက်ပွဲရှောင်သူများအား စားသောက်ဖွယ်နှင့် ငွေလှူဒါန်း

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်တွင် တိုက်ပွဲရှောင်ဒေသခံ တိုင်းရင်းသားများမှာ ကယားကြီးကျေးရွာနှင့် (၇၄)မိုင်ရွာရှိ စခန်းတို့၌ ခိုလှုံလျက်ရှိကြသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့ရေးအတွက် စက်တင်ဘာ ၁၆ ရက်က သီပေါမြို့နယ် နယ်စည်းမခြားပရဟိတဥက္ကဋ္ဌ ဦးမျိုးလွင်ဦးဆောင်သော နယ်စည်းမခြားပရဟိတ၊ သီပေါလူငယ်ပရဟိတအသင်းနှင့် မောပရဟိတအသင်းများက အလှူငွေနှင့် စားသောက်ဖွယ်ရာများကို တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ဒန့်သလွန်ပင်ကိုင်းဖြတ်နည်း သရုပ်ပြ

**မော်လမြိုင်ကျွန်း**

အိန္ဒိယဒန့်သလွန်စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲနှင့် ဒန့်သလွန်ပင်ကိုင်းဖြတ်နည်းသရုပ်ပြသပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် သောင်တန်း၊ ဝိထုံးနှင့် ကျုံလတာကျေးရွာများတွင် သုံးနေရာခွဲ၍ ကျင်းပခဲ့ကြသည်။

ထို့နောက် ကိုင်းဖြတ်သရုပ်ပြသပွဲတွင် ဒန့်သလွန်စိုက်ပျိုးရေးပညာရှင် ဦးလှမြင့် (စိုက်ပျိုးရေး-ငြိမ်း) က ဒန့်သလွန်ပင်အမြင့် သုံးပေကျော်လျှင် ကိုင်းဖြတ်ပေးပါက ဒန့်သလွန်ပင်သက်တမ်း ပထမနှစ်၌ပင် ဒန့်သလွန်သီး ၂၀၀ မှ ၄၀၀ သီးနိုင်ကြောင်းနှင့် ဒန့်သလွန်ပင်မှာ သက်တမ်း ၁၅ နှစ်ကျော်အထိ ရှင်သန်အောင်မြင်သဖြင့် စိုက်ပျိုးသူတောင်သူများအတွက် စီးပွားဖြစ်ထွန်းပါကြောင်းပြောကြားပြီး ဒန့်သလွန်ပင်ကိုင်းဖြတ်နည်း လက်တွေ့သရုပ်ပြသကြသည်။

**မော်ကျွန်း(မြင့်အောင်)**

# နာပိုလီအသင်းက လက်ရှိချန်ပီယံ လီဗာပူးကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပြီး ချယ်လ်ဆီးအသင်း အိမ်ကွင်းမှာ ဗလင်စီယာအသင်းကို ရှုံးနိမ့်



လက်ရှိချန်ပီယံလိဂ်ချန်ပီယံ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် နာပိုလီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ နာပိုလီအသင်းက မာတင်ရဲ့ပင်နယ်တီသွင်းဂိုး၊ လော်ရန်တီရဲ့နောက်ကျသွင်းဂိုးတွေနဲ့ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ နာပိုလီဂိုးသမား အဲလက်ဇ်မာရက်ဟာ ဆာဒီယိုမာနေးရဲ့ သွင်းဂိုးကို ကာကွယ်နိုင်ခဲ့တဲ့အပြင် လီဗာပူးအသင်း ဂိုးသမား အက်ဒရီယန်ဟာလည်း နာပိုလီအသင်းရဲ့အစောပိုင်းသွင်းယူခဲ့တဲ့ သွင်းဂိုးကို ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲပြီးခါနီး ၈၂ မိနစ်မှာ ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့တာကြောင့် နာပိုလီအသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုမှာ လော်ရန်တီရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာမို့ နာပိုလီအသင်းက အိမ်ကွင်းမှာ ချန်ပီယံလိဂ်အုပ်စုအဆင့်ကို နိုင်ပွဲနဲ့ စတင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

နာပိုလီအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အင်္ဂလန်အသင်းတွေနဲ့ အိမ်ကွင်းမှာ ဆုံတွေ့ခဲ့တဲ့ ချန်ပီယံလိဂ်ခြောက်ပွဲမှာ ငါးပွဲအထိ အနိုင်ရရှိခဲ့တဲ့မှတ်တမ်းတစ်ရပ် တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ရှုံးနိမ့်ခဲ့တဲ့ တစ်ပွဲကတော့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတုန်းက မန်စီးတီးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက်တော့ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံးရှစ်ပွဲမှာ ခြောက်ပွဲအထိရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်မှာတော့ ဗလင်စီယာအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့ရပြီး တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဗလင်စီယာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ရိုဒရီဂိုက ပွဲကစားချိန် ၇၄ မိနစ်မှာ သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် သရေတစ်မှတ်ရရှိမယ့် အခွင့်အရေးဟာလည်း ရိုစ့်ဘာကလေရဲ့ပင်နယ်တီဂိုးမဝင်ခဲ့တာကြောင့် နစ်နာခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲပေါင်း ၄၂ ပွဲမှာ ဒုတိယအကြိမ် ရှုံးနိမ့်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ပထမတစ်ကြိမ်က ၂၀၁၃ ခုနှစ်က ဘေဆယ်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အုပ်စုအဆင့်ပွဲပေါင်း ၄၂ ပွဲမှာ ပွဲ ၃၀ အနိုင်ရရှိထားကာ ၁၀ ပွဲက သရေရလဒ်သာထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြ လမ်းပတ်ဟာလည်း ချယ်လ်ဆီးနည်းပြဘဝနဲ့ ချန်ပီယံလိဂ်မှာ ရှုံးပွဲနဲ့စတင်ခဲ့မှုလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။


**ငွေကြယ် ရေးသားသည်**

## မန်စီးတီးနောက်ခံလူ ဂျွန်စတုန်း သီတင်းလေးပတ်မှ ငါးပတ်အကြား အနားယူရမည်

မန်စီးတီးအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ နောက်တန်းကစားသမား ဂျွန်စတုန်းဟာ လေ့ကျင့်ရေးကွင်းတွင် ဒဏ်ရာရရှိခဲ့တာကြောင့် သီတင်းလေးပတ်မှ ငါးပတ်အကြား အနားယူရမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဂျွန်စတုန်းဟာ စက်တင်ဘာ ၁၇ ရက်က ချန်ပီယံလိဂ် အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ရှက်တာဒိုနက်စ်ခ်အသင်းနဲ့ ယှဉ်ပြိုင်ကစားဖို့ မန်စီးတီးအသင်းနဲ့အတူ ယူကရိန်းမြေမှာ လေ့ကျင့်ရေးဆင်းနေစဉ် ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နဲ့ ကာရာဘာအိုဖလား စတဲ့ ပြိုင်ပွဲတွေနဲ့ ပွဲကျပ်ကာလရောက်နေချိန်မှာ ကစားသမားအများစု ဒဏ်ရာရရှိနေခဲ့တာဖြစ်ပြီး လာပေါ့တီဟာလည်း ဒဏ်ရာပြဿနာကြောင့် ဇန်နဝါရီလ ဒါမှမဟုတ် ဖေဖော်ဝါရီလလောက်မှ ပြန်လည်ပွဲထွက်ကစားနိုင်မယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား ဂျွန်စတုန်းဟာ မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ်ရှစ်ပွဲအထိ လွဲချော်မှာဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်မှာ ဝက်ဖို့ဒ်အသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ စက်တင်ဘာ ၂၈ ရက်မှာ အဲဗာတန်အသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ်၊ အောက်တိုဘာ ၁ ရက်မှာ ဒိုင်နမိုဇာဂရက်အသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ငါးမှတ်အကွာ အဆင့် ၂ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



## အနုပညာ



**အေးပြည့် စုစည်းသည်**

### ဂျနီဖာလိုပက်ဇ်ရဲ့ ပရိသတ်ပါလို့ဆိုလိုက်တဲ့ ကွန်းစတန့်ဝူ

မင်းသမီး ကွန်းစတန့်ဝူကို "Crazy Rich Asians" ရုပ်ရှင်ရဲ့ ဇာတ်ဆောင် မင်းသမီးအဖြစ် လူသိများပါတယ်။ လတ်တလောပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်မှာ ကွန်းစတန့်ဝူက သူဟာ ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ရဲ့ ပရိသတ်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဂျနီဖာလိုပက်ဇ်ရဲ့တေးသီချင်းကိုလည်း သီဆိုခဲ့ကြောင်း အီးအွန်လိုင်းဒွေါ်ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကွန်းစတန့်ဝူက သူ့အနေနဲ့ ဂျနီဖာလိုပက်ဇ်ရဲ့တေးသီချင်းတွေကို သီဆိုခွင့်ရဖို့ရာ အတော်လေး စောင့်ဆိုင်းခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။ စက်တင်ဘာ ၁၆ ရက်က ထုတ်လွှင့်ခဲ့တဲ့ "The Late Late Show With James Corden" အစီအစဉ်မှာ ကွန်းစတန့်ဝူက သူငယ်စဉ်က ပန်းခြံတစ်ခုမှာ အလုပ်လုပ်ရင်း ဂျနီဖာလိုပက်ဇ်ရဲ့ တေးသီချင်းတွေကို သီဆိုခဲ့ဖူးကြောင်း၊ ဂျနီဖာရဲ့တေးသီချင်းကို ပြန်လည်သီဆိုရဖို့ရာ အတော်လေးစောင့်ဆိုင်းခဲ့ရပြီး အဆိုပါရုပ်သံအစီအစဉ်မှာမှ ပြန်လည်သီဆိုခွင့်ရခဲ့တာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

### ဆန်းရယ်ဂျင်နဲ့ ဟွန်ဘင်းတို့ရဲ့ရုပ်ရှင်သစ် မွန်ဂိုလီးယားမှာ စတင်ရိုက်ကူး





တောင်ကိုရီးယား မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ရဲ့ ရုပ်ရှင်သစ် "Crash Landing of Love" ကို လတ်တလောမှာ မွန်ဂိုလီးယားမှာ စတင် ရိုက်ကူးနေပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒွေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသသွားမယ့် "Crash Landing of Love" ဇာတ်လမ်းတွဲကို မွန်ဂိုလီးယားမှာ သွားရောက်ရိုက်ကူးဖို့ရာ စက်တင်ဘာ ၁၆ ရက်က ရုပ်ရှင်အဖွဲ့သားတွေဟာ အင်ချွန်းလေဆိပ်ကနေ ထွက်ခွာသွားခဲ့ကြပြီဖြစ်ကြောင်းလည်း သိရပါတယ်။

"Crash Landing of Love" ဇာတ်လမ်းတွဲကို မွန်ဂိုလီးယားမှာ မရိုက်ကူးမီက ဆွစ်ဇာလန်နိုင်ငံမှာ စတင်ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ဆွစ်ဇာလန်မှာ ရိုက်ကူးရေးလုပ်ငန်းတွေကို ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းက အဆုံးသတ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဇာတ်လမ်းတွဲကို ဒေသတွင်းမှာသာမက ဆွစ်ဇာလန်နဲ့ မွန်ဂိုလီးယားတို့မှာ သွားရောက်ရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။

"Crash Landing of Love" ဇာတ်လမ်းတွဲမှာ မြောက်ကိုရီးယားနိုင်ငံသားတစ်ဦးနဲ့ တောင်ကိုရီးယားနိုင်ငံသူတစ်ဦးအကြားက အချစ်ဇာတ်လမ်းကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဟွန်ဘင်း ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ မြောက်ကိုရီးယားမှ အရာရှိတစ်ဦးဖြစ်ပြီး ဆန်းရယ်ဂျင်ရဲ့ ဇာတ်ကောင်ကတော့ ချမ်းသာတဲ့ အမွေဆက်ခံသူတစ်ဦး ဖြစ်ပါတယ်။ ဆန်းရယ်ဂျင်ရဲ့ ဇာတ်ကောင်ဟာ လေထီးစီးနေစဉ် ရာသီဥတုအခြေအနေကြောင့် မြောက်ကိုရီးယားမှာ အရေးပေါ် ဆင်းသက်ခဲ့ရပြီး ဟွန်ဘင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကို ယခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## လောကနီတိ စာဥယျာဉ် (စတုတ္ထတွဲ)



စာရေးသူ ယုဇန(ကျောက်ဖြူ) စီစဉ်ရေးသားသည့် လောကနီတိစာဥယျာဉ် (စတုတ္ထတွဲ) စာအုပ်ထွက်ရှိလာသည်။

လောကနီတိ၌ လောက-တစ်ပုဒ်၊ နီတိ-တစ်ပုဒ်ဟူ၍နှစ်ပုဒ်ဖြစ်သည်။ လောကဆိုတာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောက ဟူ၍ သုံးမျိုးရှိရာ ဤလောကနီတိစာဥယျာဉ်ကို လူငယ်မောင်မယ်များ ကြားရုံ၊ မှတ်ရုံ၊ ဆောင်ရုံနှင့်မလုံလောက် လိုက်နာကျင့်သုံးရန်လည်း အထူးလိုအပ်သည်။ မိဘဘိုးဘွားများလည်း ဖတ်ရှုလေ့လာသင့်သည်။ အဘယ်ကြောင့်ဟူမူ မိမိတို့၏ သားသမီး မြေး မြစ်တို့အား ညွှန်ကြားပြသပေးရန် ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးလေ့လာလိုသူများ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ပိဋကမီဒီယာ၊ ဖုန်း ၀၉-၅၀၆၀၂၆၀နှင့် ၀၉-၇၃၀၉၉၇၉၈ တို့မှ တန်ဖိုးငွေ ကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## အာလီဘာဘာ၏ အောင်မြင်ခြင်းအမြုတေ




စာရေးသူ သိန်းအုံးကျော်စံ စီစဉ်ရေးသားသည့် အာလီဘာဘာ၏ အောင်မြင်ခြင်းအမြုတေစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ဂျက်ခ်မာ၏အောင်မြင်မှုကို မွှမ်းထားခြင်းမဟုတ် ဂျက်ခ်မာ၏ အောင်မြင်မှုအတွက် ထားရှိခဲ့သော အိပ်မက်၊ ခံယူချက်၊ ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ဒဿနတို့ကို အရောင်ဖွင့်ပေးထားသည့်စာအုပ်ဖြစ်သည်။ ထို့အပြင် စီးပွားရေးလောကကိုလှုပ်ခါစေသည့် ဖောက်သည် ပထမ၊ ဝန်ထမ်း ဒုတိယ၊ ရှယ်ယာရှင် တတိယဆိုသည့် အဆိုအမိန့်၊ လူငယ်တက်လူနှင့် အနာဂတ်ကို ခေတ်ကြိုးသွယ်ပြသည့် စီးပွားရေးဂေဟစနစ် အတွေးအခေါ်ကို လက်တွေ့အသုံးချပြထားသည်ကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အောင်မြင်လိုသူတိုင်းဖတ်ရှုလိုသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ပြည့်စုံစာအုပ်တိုက်၊ အမှတ်-၂၆၃၊ အမျိုးသားဝိုင်အမ်ဘီအေ အဆောက်အဦ၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၁-၂၉၆၄၄၂နှင့် ၀၉-၂၅၀၄၉၆၅၆၉တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။

## သဘာဝနည်းဖြင့် ကျောက်ကပ်ကျောက်ဖယ်ရှားနည်း၊ အလွန်အစွမ်းထက်သော လက်တွေ့ကုထုံးနည်း



စာရေးသူ ဦးသန်းဝင်း(အာဆီယံအင်ဂျင်နီယာ) စီစဉ်ရေးသားသည့် သဘာဝနည်းဖြင့် ကျောက်ကပ်ကျောက်ဖယ်ရှားနည်း၊ အလွန်အစွမ်းထက်သော လက်တွေ့ကုထုံးနည်း စာအုပ်ထွက်ရှိလာသည်။

ကျောက်ကပ်ရောဂါဝေဒနာကို စာရေးသူကိုယ်တိုင်ခံစားခဲ့ရ၍ အဆိုပါဆေးနည်းဖြင့်ပျောက်ကင်းသောကြောင့် ကရုဏာထားကာ မျှဝေလိုက်ခြင်းဖြစ်သည်။ စပါးလင်ဆန်ဆေးရည်၊ တရုတ်နံ့နံပင်ပြုတ်ရည်၊ ဖရဲသီးအူနီသီး၊ ပန်းသီးဗီနီကာရည်၊ ကညွတ်အပင်ကြီး၊ ပဲကတ္တီပါပြုတ်၊ ယိုးဒယား ပန်းသီးအလုံးကြီး စသည့် ပစ္စည်း ခုနစ်မျိုးကို စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း စားသုံးပါက ကျောက်ကပ်ဝေဒနာခံစားနေရသူများ ငွေကုန်ကြေးကျသက်သာပြီး ခွဲစိတ်ကုသခြင်းမှကင်းလွတ်ကာ ပျောက်ကင်းသွားမည်ဖြစ်သဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေရည်ဦးစာပေ၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ ကွန်ဒိုအမှတ်(3B)၊ အခန်း(၆၀၃)၊ရတနာလမ်းမကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၄၃၀၆၆၃၃၁နှင့် ၀၉-၅၀၇၀၁၅၇တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## လူရွှင်တော်နိဒါန်း





စာရေးသူ လူရွှင်တော် ရွှေဖလား ချစ်ချော စီစဉ်ရေးသားသည့် လူရွှင်တော်နိဒါန်းစာအုပ် ထွက်ရှိလာသည်။

လူရွှင်တော်အကြောင်းကို လေ့လာလျှင် လူရွှင်တော်၏သမိုင်းအစကို သိသင့်သိထိုက်ပေသည်။ လူရွှင်တော်ပညာကို သိရုံ၊ နားလည်ရုံ လေ့လာခြင်းမဟုတ်ဘဲ ကိုယ်တိုင်ဝါသနာပါ၍ ဟာသလူရွှင်တော် ဖြစ်ချင်သူများအတွက် ပြက်လုံးအမျိုးအစားများကို လေ့လာကျက်မှတ်၍ ရနိုင်စွမ်းရှိသော စာအုပ်ဖြစ်သည်။ ထိုပြက်လုံးအမျိုးအစားများထဲမှ မိမိနှင့်လိုက်ဖက်မည့် ပြက်လုံးများကို ရွေးချယ်၍ လက်တွေ့စင်ပေါ်တွင် ပြက်နိုင်သော ပြက်လုံးပြက်နည်းများကိုလည်း လွယ်ကူရှင်းလင်းစွာ နားလည်သဘောပေါက်၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် စင်ပေါ်တွင် ပြက်နိုင်မည့် အရည်အချင်းများကို ပေးစွမ်းနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ထင်ကျော်စာပေ ဖုန်း-၀၉-၇၉၅၅၁၉၅၉၆နှင့် ၀၉-၇၉၅၅၂၀၅၉၉တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့်ဖြန့်ချိသည်။

## ဗုဒ္ဓဝင်နှင့် ဗုဒ္ဓ၏မြတ်သောအကျင့်တည်ရာ သာသနာ




စာရေးသူ စံငြိမ်း(အဘိဓမ္မာ) စီစဉ်ရေးသားသည့် ဗုဒ္ဓဝင်နှင့် ဗုဒ္ဓ၏မြတ်သောအကျင့်တည်ရာ သာသနာစာအုပ်ထွက်ရှိလာသည်။

ဘာသာရေး၊ သာသနာရေးစိတ်ပါဝင်စားသူများသည် ဒါနနှင့်ပတ်သက်သော ရည်မှန်းချက်၊ သီလနှင့်ပတ်သက်သောရည်မှန်းချက်၊ ဘာဝနာနှင့်ပတ်သက်သောရည်မှန်းချက်များ အသီးသီးရှိကောင်းရှိကြပါလိမ့်မည်။ ရည်မှန်းချက်အမျိုးမျိုးရှိသည့်အနက် ဗုဒ္ဓဝါဒီတို့၏ အမြင့်ဆုံးရည်မှန်းချက်မှာ နိဗ္ဗာန်ဖြစ်သည်။ သာသနာတော်တွင် ပဋိပတ်အရသာ သာယာဖွယ်ကောင်းသော တရားများကား ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများဖြစ်သည်။ ထို ဈာန်၊ မဂ်၊ ဖိုလ်တို့၏အရသာ ခံစားလိုကြသော ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် အဆိုပါစာအုပ်တွင် ကမ္မဋ္ဌာန်းနည်းအတိုင်း သမထဘာဝနာ၊ ဝိပဿနာဘာဝနာများ ကြိုးစားပွားများနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အထက.(၁) ရန်ကင်းကျောင်းရှေ့ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၅၁၇၉၃၉၈နှင့် ၀၉-၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## စစ်ရေး၊ နိုင်ငံရေး အဆိုအမိန့်များ





စာရေးသူ ဦးသိန်းအောင်(နိုင်ငံခြားငွေ ) စီစဉ်ရေးသားသည့် စစ်ရေး၊ နိုင်ငံရေး အဆိုအမိန့်များ စာအုပ်ထွက်ရှိလာသည်။

အိုမာနယ်လဆင်ဘရက်ဒ်လေက စစ်ပွဲတစ်လျှောက်လုံး၌ ကျွန်ုပ်သည် ကျွန်ုပ်၏ လက်အောက်အရာရှိ၏ တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍ ဝင်စွက်ခြင်းကို လုံးဝရှောင်ရှားခဲ့သည်။ ကျွန်ုပ်၏ လက်အောက်အရာရှိသည် ကျွန်ုပ်မျှော်လင့်သည့်အတိုင်း လုပ်ဆောင်ခဲ့လျှင် သူ့အား သူ့စိတ်တိုင်းကျ လုပ်ဆောင်ခွင့်ပေးထားသည်။ သူချိုတုံ့ချတုံ့ဖြစ်နေလျှင် သူ့အား ကျွန်ုပ်က ကူညီရန်ကြိုးစားခဲ့သည်။ တာဝန်ကို သူသည် အောင်မြင်စွာမထမ်းဆောင်နိုင်ခဲ့ပါက သူ့အား ထိုတာဝန်မှ ဖယ်ရှားခဲ့သည် စသည့် အဆိုအမိန့်များကို ရေးသားထားသည်။

စာအုပ်ကို သံလွင်ခက်စာပေ၊ အမှတ်(၉)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၄၅၀၀၄၉၁၁၆ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ချိသည်။

## ရာဇဝတ်လျှောက်လဲချက်နမူနာများ(၂)



တရားလွှတ်တော်ရှေ့နေခနေဖြူဦးသန်းဆွေ ရေးသားပြုစုသည့် ရာဇဝတ်လျှောက်လဲချက်နမူနာများ(၂) စာအုပ်ထွက်ရှိလာသည်။

တရားရုံးအဆင့်ဆင့်တွင်လျှောက်လဲချက်ပေးခြင်းသည် အမှုကို ဥပဒေနှင့်အညီ မှန်ကန်စွာဆုံးဖြတ်နိုင်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်ဖြစ်သည်။ ပြဿနာ၏အဖြေမှန်ကို ဖော်ထုတ်တင်ပြရာတွင် နှစ်ဖက်ရှေ့နေများသည် ဥပဒေအထောက်အထား၊ စီရင်ထုံးအကိုးအကားပြည့်စုံစွာဖြင့် စကားစပ်ဆိုသည့်အသွင်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ အဆိုပါစာအုပ်သည် ဥပဒေပညာရပ်ဆိုင်ရာ အသုံးပြုနေသူများ မရှိမဖြစ်ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို အားမာန်သစ်စာပေ၊ အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၄၆၈၅ နှင့် ၀၉-၄၄၀ ၄၁၀၇၈ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## အင်္ဂလိပ်စာ စာစီစာကုံးများ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (500 Words)





အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် စာရေးသူဆရာထိန်လင်း BE.Mechanical စီစဉ်ရေးသားသည့် အင်္ဂလိပ်စာ စာစီစာကုံးများ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (500 Words) စာအုပ်ထွက်ရှိလာသည်။

နိုင်ငံခြားဘာသာစကား သင်ကြားမည်ဆိုပါက သဒ္ဒါပိုင်းဆိုင်ရာ၊ ဝါကျဖွဲ့စည်းတည်ဆောက်ခြင်း၊ စာရေးသားခြင်းနှင့် စာဖတ်တတ်ပြီး အသံထွက်မှန်ကို မိမိဘာသာဖြင့် နားလည်ခြင်းတို့ဖြစ်သည်။ သဒ္ဒါပိုင်းဆိုင်ရာနှင့်ပတ်သက်၍ နားမလည် မကျွမ်းကျင်သေးသည့် ကျောင်းသား ကျောင်းသူများအား သဒ္ဒါပိုင်းဆိုင်ရာ ဝါကျဖွဲ့စည်းမှုနှင့်ပတ်သက်၍ နားလည်လာမည်ဖြစ်ပြီး ဆက်စပ်တွေးခေါ်နိုင်လာမည်ဖြစ်သည်။ အင်္ဂလိပ်စာ ဝါကျတစ်ကြောင်းကိုဖတ်ရှုပြီး ဘာသာပြန်ရာတွင် အဆိုပါစာအုပ်က အထောက်အကူပြုနိုင်မည်ဖြစ်သည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၃၇၇၄၇၃၃နှင့် ၀၉-၈၃၉၂၈၃၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

မြန်မာ့ခရီးသွားဘဏ်
MYANMA TOURISM BANK

# မြန်မာ့ခရီးသွားဘဏ်ခွဲများဖွင့်လှစ်ခြင်းနှင့် အထူးကျေးဇူးတင်ရှိခြင်း






မြန်မာ့ခရီးသွားဘဏ်၏ ဘဏ်ခွဲများဖြစ်သော မန္တလေး (၂၇လမ်း)ဘဏ်ခွဲကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၁)ရက်နေ့နှင့် နေပြည်တော်(သပြေကုန်း)ဘဏ်ခွဲကို ၂၀၁၉ခုနှစ် စက်တင်ဘာလ (၁၂)ရက်နေ့များတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ [illegible]

မြန်မာ့ခရီးသွားဘဏ်

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ (၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၂၀ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မနှင့်ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၄-၉-၂၀၁၉ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၅-၁၀-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တပ်/ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၌ ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၁၉ ရက်နေ့တွင်ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၈-၁၁-၂၀၁၉ ရက်နေ့မှ ၃-၁၂-၂၀၁၉ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

( ခ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ (၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

( ဂ ) လျှောက်ထားသူသည် ၁-၁-၂၀၂၀ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

( င ) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

( စ ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

( ဇ ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တပ်/ဌာနချုပ်များတွင် ၄-၉-၂၀၁၉ ရက်နေ့မှစ၍ အခမဲ့ရယူ နိုင်သည်။ လျှောက်လွှာကို ၅-၁၀-၂၀၁၉ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တပ်/ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၅-၁၁-၂၀၁၉ရက်နေ့တွင် ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၆-၁၁-၂၀၁၉ ရက်နေ့မှ ၃၀-၁၁-၂၀၁၉ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ** အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ဒေါ်နီနီဦး
**B.Sc (Zool); M.Sc F II, H.G.P**
**စိန်ဂွန်းကျောင်းသူဟောင်း**
**အသက် (၆၈) နှစ်**

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်တင်ဥ)တို့၏သမီး၊ [တိုးတက်ရေးဦးသိမ်း (လွတ်လပ်ရေးမော်ကွန်းဝင်-ပထမဆင့်)-ဒေါ်မမလေး(လွတ်လပ်ရေးမော်ကွန်းဝင်-တတိယဆင့်)]တို့၏သမီးချွေးမ၊ ဦးမြင့်သိမ်း၊ ဦးကြည်ထွန်း-ဒေါ်ခင်ဆွေသိမ်း၊ ဦးဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဒေါ်လှလှဝင်းတို့၏ညီမ၊ ဒေါ်ညိုညိုဦး၏ညီမ၊ (Capt: အောင်ကျော်ဟိန်း)-ဒေါ်စံသာခိုင်၊ (ဦးဇေယျာထွန်း)-ဒေါ်သင်းသင်းစိုးတို့၏အစ်မ၊ နေပြည်တော် စည်ပင်သာယာအိမ်ရာဝင်း၊ ခြံအမှတ်(2-C1)နေ ဦးမင်းသိမ်း (နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်)၏ဇနီး၊ ဒေါက်တာဝင်းမင်းသိမ်း (ကျောင်းအုပ်ကြီး-NIC)၊ ဦးရဲမင်းသိမ်း-မခိုင်တို့၏မွေးသမိခင်ကြီးသည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး (နေပြည်တော်)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်၊ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်နီနီဦး**
**B.Sc (Zool); M.Sc F II, H.G.P**
**အသက် (၆၈) နှစ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း - ဒေါ်လှလှဝင်း တို့၏ညီမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသိမ်း၏ဇနီး ဒေါ်နီနီဦး အသက် (၆၈) နှစ်သည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

---

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**
## ဦးခင်မောင်ဘို (မြိတ်)
**အသင်းဝင်အမှတ်(၃၅၂၈)**
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်(A-၄)၊ အခန်း(၂၀၄-A)နေ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်းသည် ၁၄-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ရဟန်းအမကြီး**
## ဒေါ်အုန်းရီ
**အသက် (၇၇) နှစ်**

နေပြည်တော်နေ ဦးဆန်းလွင် (ညွှန်မှူး၊ လ.ဝ.က)-ဒေါ်ခင်စောမြင့်၊ (ဗိုလ်မှူးကျော်ဆန်းဝင်း)-မကလျာပြည့်ဝေသျှံ၊ မင်းကုန်းကျေးရွာနေ ကိုကျော်မင်း-မလှလှဝေ၊ တာမွေမြို့နယ်နေ ကိုစိုင်းနေမျိုးကျော်-မကြူကြူနိုင်၊ မင်းကုန်းကျေးရွာနေ ကိုဆန်းမင်းထွန်း-မနီလာရွှေတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးအေး)၏ဇနီး ရဟန်းအမကြီး ဒေါ်အုန်းရီသည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မင်းကုန်းကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူသားသမီးတစ်စု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်ခင်ညို (B.A-English)
**အသက် (၈၀)**

တောင်ငူမြို့နေ (ဦးသာယာ-ဒေါ်ဖွားမို)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးထွန်းစိန်-ဒေါ်မြတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကံဘဲ့၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ အမှတ်(၁၆-က)နေ Dr.မောင်မောင်ဌေး(ဒုညွှန်မှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန၊ N.E.P.S Co.,Ltd)၏အကြံပေးပုဂ္ဂိုလ်၏ဇနီး၊ ဒေါ်စန္ဒာဌေး၊ ဒေါ်ဇင်မင်းဌေး၊ ဦးကျော်ကျော်ဌေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးလှမြင့်-ဒေါ်မြင့်မြင့်)၊ (ဒေါ်ရီရီ)၊ (Dr.ကျော်ကျော်-ဒေါ်မေးဇစ်)၊ (ဒေါ်ကြည်ကြည်)၊ ဒေါ်ခင်စိမ်းဝင်း(ဒုအထွေထွေမန်နေဂျာ-ငြိမ်း၊ စက်မှု-၁)တို့၏အစ်မ/ညီမ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးအောင်မျိုးလွင် (ကိုမျိုး-ကားဝပ်ရှော့လုပ်ငန်း)
**အသက် (၅၅) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ (ဦးထွန်းအေး)-ဒေါ်မြသန်းတို့၏သား၊ (ဦးသန်းထူး)၊ ဒေါ်မေနန်းနွယ်၊ ဒေါ်စုစုထွေး၊ ဦးအောင်ဖြိုး၊ (ဦးလှထွန်း)တို့၏အစ်ကိုကြီး၊ ဒေါ်ရွှေခိုင်၏ခင်ပွန်း၊ မောင်ဇေယျာမြင့်၊ မအဲလိဇဘက်၊ မျိုးသန္တာအောင်တို့၏မွေးသဖခင် ဦးအောင်မျိုးလွင်သည် ၁၈-၉-၂၀၁၉ ရက် နံနက် ၄း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
### ဦးစောကြာဝေါ်မူ (၇၈)နှစ်
**ကျောင်းအုပ်ကြီး (A.C.E)၊ ငြိမ်း**
**ဆောက်လုပ်ရေး ဗဟိုသင်တန်းကျောင်း၊ သုဝဏ္ဏ**

ဖာပွန်မြို့နယ်၊ ပေးကေးဒဲကျေးရွာနေ (ဦးဖားဂေါ်-ဒေါ်လွဲစေး)တို့၏သားထွေး၊ တောင်ငူမြို့ ရပ်ကွက်(၂၀)၊ ဒယ်စုလမ်းနေ ဦးအဲလို-(ဒေါ်ဂရေးလီ)တို့ ၏ညီ/မောင်၊ တောင်ငူမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ အောက်ချိုင်းနေ ဒေါ်ဂရေ(စ်)ကြာ (စစ်သူနာပြု၊ အပတ်စဉ်-၄၊ ငြိမ်း)၏ခင်ပွန်း ဦးစောကြာဝေါ်မူသည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ည ၁၁း၂၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ပကူးမြို့မနှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဇောခိသာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားလုံးကို အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်အေး (၇၃)နှစ်
**(ထားဝယ်)**
**B.Sc (Geology), 1972 Batch**
**D.A.G (Mining),R.L**
**AMTHEIN Consulting & Research Service Co.,Ltd**
**General Manager**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၄၈၉)နေ (ဦးထွန်းရ-ဒေါ်သန်းမေ)တို့၏သားငယ်၊ ဦးမောင်မောင်သန်း-(ဒေါ်လှအေး)တို့၏ညီ/မောင်၊ ဒေါ်နုနုဝါ (MEC တာယာစက်ရုံ)၊ ဦးကျော်ကျော်စိုး(စက်ရုံမန်နေဂျာ၊ Shwe Ayer Nadi Co.,Ltd)-ဒေါ်အေးအေးမာ တို့၏ချစ်လှစွာသောဦးလေး၊ မမြတ်ပြည့်ပြည့်ကျော် (Grade-1)၏ဘိုးဘိုးလေးသည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၈-၉-၂၀၁၉ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၉ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးအောင်စ (၈၉)နှစ်

မော်ဘီမြို့နယ်၊ ကုန်းကလေးကျေးရွာနေ (ဦးဘိုးကံ-ဒေါ်စော)တို့၏သား၊ မော်ဘီမြို့နေ (ဦးဘိုးဇ-ဒေါ်မယ်ရာ)တို့သားသမက်၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ရပ်ကွက်အမှတ်(၃၀)၊ ခရေမြိုင်လမ်း၊ အမှတ်(၂၀၀)နေ ဒေါ်စိန်ရှင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ငြိမ်းတင်၏ အစ်ကို၊ ဦးမောင်ငွေ (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်မမ၊ ဦးမင်းစိန်-ဒေါ်အေးသွင်၊ ဦးကျော်မိုး-ဒေါ်မြင့်မြင့် စောတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၉(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်စ**
**အသက် (၈၉) နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈) ကျောင်းဆင်းအရာရှိများ၏ သင်တန်းမှူး (နည်းပြဆရာ)ဗိုလ်မှူးမောင်ငွေ(အငြိမ်းစား)၏ဖခင် ဦးအောင်စ အသက် (၈၉) နှစ်သည် ၁၈-၉-၂၀၁၉ ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

## ဒေါ်ခင်မြ
**ဟိုင်းကြီးကျွန်းမြို့ ငရုတ်ကောင်းမြို့**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ တပင်ရွှေထီးလမ်း၊ ရွှေဘုံသာအိမ်ရာ၊ အမှတ်(၉၈)နေ (ဦးလှကြည်)၏ဇနီး၊ ဦးစိုးတင့်ထူး-ဒေါ်အေးအေး၊ ဦးချစ်ရွှေ-ဒေါ်ခင်မြင့်ကြည်၊ ဦးဝင်းနိုင်-(ဒေါ်ခင်မူမူ)၊ ဦးမျိုးလွင်-ဒေါ်စိုးစိုးသန့်တို့၏မိခင်ကြီးသည် ၁၇-၉-၂၀၁၉ ရက် ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးကံညွန့် (ဝါးခယ်မ)
**မြန်မာ့စိုက်ပျိုးရေးဘဏ်**
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၅၃၁)နေ (ဦးဘဏ်ထွန်း-ဒေါ်အေး)တို့၏သား၊ ဒေါ်ခင်စီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ထွင်-ဒေါ်မြတ်မြတ်သူ၊ ဦးကိုကို-ဒေါ်လွင်မာဦး၊ (ဦးဇော်သူ)-ဒေါ်မိုးမိုးအောင်၊ ဦးအောင်သူရ-ဒေါ်ခင်သင်းမွန်၊ ဦးမင်းအောင်-(ဒေါ်ယဉ်ယဉ်မြင့်)၊ ဦးယုပိုင်-ဒေါ်ဝင်းဝင်းစိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးကံညွန့်သည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ချိုချို (ခ) ဒေါ်ခင်မြင့်ချို (မုဒုံ)
**စစ်မှုထမ်းဟောင်း**
**အသက် (၈၀)**

မုဒုံမြို့နေ (ဦးမွန်သန်း-ဒေါ်အေးသင်)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၅၇)၊ ပုလဲလမ်း၊ (၃၆)ရပ်ကွက်နေ (ဦးမျိုးမင်း)၏ဇနီး၊ ဦးစိုးနိုင်-ဒေါ်သီတာ၊ ဦးခိုင်မင်းစိုး-ဒေါ်မိုးစန္ဒာ၊ ဦးမင်းသိမ်း၊ ဒေါ်ကလျာမင်း၊ ဦးအောင်ကျော်မင်းထွန်း-ဒေါ်ဦးမျိုးသန့်၊ ဦးအောင်ကျော်ထက်-ဒေါ်မြတ်မွန်စိုး၊ ဦးဝေဖြိုးအောင်(ခ)ဝေလ-ဒေါ်သရဖီမျိုးမင်း၊ ဦးမျိုးခွန်ဟန်-ဒေါ်အင်ကြင်းမျိုးမင်း၊ ဦးထက်အောင်-ဒေါ်ခတ္တာမျိုးမင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## နော်ကလျာသန်းတင်
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၄၀၄/က) (အထက-၁၊ အလုံကျောင်းဝင်း)နေ ဦးသန်းတင်-နော်ဂရေ့(စ်)မြိုင် တို့၏ သမီးကြီး၊ ဦးစောရှူးဘတ်-နော်အယ်ဒလီနာ တို့၏ သမီးချွေးမ၊ ဦးစောသာဘလေး ၏ ဇနီး၊ စောအောင်ထူး-နော်ဖဲလေ၊ ဦးဝင်းမြတ်ဆွေ-နော်ဇင်မာသန်း၊ စောလောအယ်ထူး-နော်ခင်သန်းတင်၊ စောမျိုးမြင့်အောင်-ဒေါ်သီရိဌေး တို့၏ အစ်မကြီး၊ စောစွမ်းရည်မွန်၊ စောထက်မြတ်အောင် တို့၏ မွေးသမိခင်၊ တူ/တူမလေးယောက် တို့၏ အဒေါ်သည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) ည ၇ နာရီတွင် KBC ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဗင်တန်ကရင်နှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ မြေသို့ အပ်နှံဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြင်မြိုင် (ထူးထူးယိုစုံလုပ်ငန်း)
**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၂၀၄-က)နေ [ဦးကောင်ဝိုး (ခ) ဦးကောင်းမြတ်]၏ဇနီး၊ ဦးကျော်မြင့်-(ဒေါ်စန်းစန်းယဉ်)၊ ဦးကျော်ဝင်း-ဒေါ်နုနုမြင့်၊ ဦးမြင့်လွင်-ဒေါ်မြင့်မြင့်ကြူ၊ ဒေါက်တာလှကြည်-ဒေါ်ရှုလင်း၊ ဦးသန်းရွှေ-ဒေါ်ရှုမေ၊ ဦးကြည်လှိုင်-ဒေါ်ခင်ဌေးရီ၊ ဒေါ်စန်းစန်းဝင်းတို့၏မိခင်ကြီး၊ မြေး ၁၉ ယောက်၊ မြစ် ၁၇ ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းအမ**
## ဒေါ်တင်ကြည်
**အသက်(၈၇)နှစ်**

အမှတ်(၆၇/A)၊ အင်ကြင်းလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမောင်တင်-ဒေါ်သင်းကြွေတို့၏ သမီး၊ (ဦးရင်ညို)၏ ဇနီး၊ ဦးအောင်မျိုးခိုင်-ဒေါ်ရီရီအုန်း၊ ဦးအောင်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ (ဦးအောင်မျိုးနိုင်)-ဒေါ်တင်တင်ထွေး၊ ဦးထွန်းထွန်း-ဒေါ်ခင်စောဝင်း၊ ဦးအောင်ဇော်လင်း-ဒေါ်ရင်ရင်မြ၊ ဦးဆန်းဝင်း-ဒေါ်သန်းသန်းမြင့် တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ရှစ်ယောက် တို့၏ အဘွား ဒေါ်တင်ကြည်သည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၉(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးအေးလှိုင် (ကြည့်မြင်တိုင်)
**ဇီးကုန်းမြို့အသင်းဝင်**
**ဌာနခွဲထိန်း၊ ရဲချုပ်ရုံး-ငြိမ်း**
**အသက် (၈၅) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့ မြို့ပတ်လမ်းနေ (ဦးခင်-ဒေါ်မြခင်)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်အေးညို)တို့၏သားသမက်၊ ဆရာမဒေါ်ကြည်၊ ဦးအေးဆိုင်-ဒေါ်မြ၊ ဦးထင်ကျော်၊ ဦးသန်းညွန့်၊ ဦးမောင်စော-ဒေါ်ဖြူဖြူခင်၊ ဒေါ်မူမူခင်တို့၏အစ်ကို၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၇၇)နေ ဒေါ်သိန်းရီ (သူနာပြုဆရာမကြီး-ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇော်ဦး-ဒေါ်မေမျိုးသန့်၊ ဒေါ်စုရီလှိုင်(လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဆေး-၂)တို့၏ဖခင်၊ မသီရိထက်ထက်ဦး(အထက-၄၊ အလုံ)၏အဘိုးသည် ၁၇-၉-၂၀၁၉ ရက် ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံသိန်း (သနပ္ပင်)
**(ဗာဂျီးနီးယား-စက်မှု-၁)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ ယမနေ(၄)လမ်း၊ (၃၄)ရပ်ကွက်၊ အမှတ်(၆၉၆)နေ ဒေါ်တင်တင်ဝင်း (စီးကရက်စက်ရုံ-ငြိမ်း)၏ ခင်ပွန်း၊ ဦးဝင်းသန့်(Myanmar Power Spectrum Co.,Ltd.)-ဒေါ်အေးအေးခိုင်၊ (ဦးလှခိုင်)-ဒေါ်ဝင်းမြင့်၊ (ဒေါ်သီတာခိုင်)၊ ဦးသိန်းဝင်းထွန်း-ဒေါ်ခိုင်လတ်နွယ်၊ ဦးသိန်းသန်းထွန်း(Pro Mark Decoration)-ဒေါ်မြင့်မြင့်ခိုင်(Star Moe Yan Group of Companies)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယကာကြီး**
## ဦးအောင်မြင့် (ခ) ဦးရွှေမန်း
**ကံ့ကော်မြိုင်ပျိုးဥယျာဉ်**
**အသက် (၆၉) နှစ်**

ရန်ကုန်မြို့နေ [ဦးမင်းနိုင်-ဒေါ်သန်းခင်(မြင်းခြံ/တောင်သာမြို့နယ်)]တို့၏သားငယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ဂန္ဓမာလမ်း၊ အမှတ်(၃)နေ (ဗိုလ်ချုပ်ထွန်းတင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်မြမြ (ဒု/ညွှန်မှူး-ငြိမ်း၊ စွမ်းအင်စီမံရေးဦးစီးဌာန)၏မောင်ငယ်၊ ဦးဝင်းကြည်(ပါချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်-ရေဆင်း)-ဒေါ်ဝေဝေဖြူ(ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ သစ်တောတက္ကသိုလ်)တို့၏ညီ၊ ဦးသိန်းဇံ(ပုလဲနှင့်ငါး-ငြိမ်း)-ဒေါ်လှလှဌေး (သစ်တောဦးစီးဌာန၊ ကွန်ပျူတာ-ငြိမ်း)တို့၏အစ်ကို၊ ဒေါ်အေးအေးထွန်း (ခ) ဒေါ်ပေါ်လီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးသွယ်အောင်၊ ဒေါ်မိုးသူအောင်၊ ဒေါ်အေးသူအောင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်သူရိယ၏အဘိုးသည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား ဒါယကာကြီး**
## ဦးအောင်မြင့်(ခ)ဦးရွှေမန်း
**အသက်(၆၉)နှစ်**
**ကံ့ကော်မြိုင်ပျိုးဥယျာဉ်**

ရန်ကုန်မြို့ အမှတ်(၃)၊ ဂန္ဓမာလမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးအေးထွန်း(ခ)ဒေါ်ပေါ်လီ ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးသွယ်အောင်၊ ဒေါ်မိုးသူအောင်၊ ဒေါ်အေးသူအောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်သူရိယ၏အဘိုးသည် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ် လာမည့်သီတင်းပတ်အတွင်း စတင်ပြေးဆွဲမည်




**ရန်ကုန် စက်တင်ဘာ ၁၈**

SCANIA ယာဉ်များဖြင့် ပြေးဆွဲမည်ဖြစ်သော ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်ကို လာမည့်သီတင်းပတ် စက်တင်ဘာ ၂၃ ရက်တွင် ယာဉ်အစီးရေ ၂၀ ဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၏ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

**အစီး ၂၀ နဲ့ စတင်ပြေးဆွဲမှာဖြစ်**

"ဒီလ ၂၃ ရက်နေ့မှာ ယာဉ်အစီးရေ ၂၀ နဲ့ စတင်ပြေးဆွဲမှာ ဖြစ်ပါတယ်။ ပြေးဆွဲတဲ့အခါမှာလည်း အောင်မင်္ဂလာအဝေးပြေးကနေ ထွက်ခွာပါမယ်။ ယာဉ်လမ်းကြောင်း နှစ်ကြောင်းခွဲပြီး ဘယ်ပတ်၊ ညာပတ် ပြေးဆွဲပါမယ်။ နောက် ပြည်သူလူထုလိုအပ်ချက်အရ မြို့ထဲမှာ တချို့တစ်ဝက်အခြေပြုပြီး ပြန်ထွက်သွားတဲ့စနစ်ကိုလည်း လေ့လာနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

**အင်အားပြည့် ပြေးဆွဲမည်**

အဆိုပါမြို့ပတ်ယာဉ်လိုင်းအား လက်ရှိတွင် ယာဉ်အစီးရေ ၂၀ ဖြင့် စတင်ပြေးဆွဲမည်ဖြစ်သော်လည်း လမ်းကြောင်းအခြေအနေနှင့် ခရီးသည်စီးနင်းမှုအနေအထားတို့ကို ချိန်ဆ၍ အောက်တိုဘာလအတွင်း အင်အားပြည့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့

## ကြေးမုံ ယနေ့ ဖတ်စရာ

ပိုမိုသက်ဝင်လှုပ်ရှားလာတော့မည့် လူထုအခြေပြုဗဟိုဌာနများ

စာမျက်နှာ » ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် IFES တို့ ပူးပေါင်း၍ ဆိုရှယ်မီဒီယာ အသုံးပြုမှုဆိုင်ရာ မဟာဗျူဟာ နည်းလမ်းများနှင့် ရုံးတွင်း အသုံးပြုမှု လမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၇

နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာ ညွှန့်ပေါင်းဖွဲ့စည်းရန် နိုင်ငံပေါင်း ၂၈ နိုင်ငံ ဆွေးနွေး

စာမျက်နှာ » ၁၂

# အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့


**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲ အုပ်စု (K) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တောင်ကိုရီးယားနှင့် ထိုင်းအသင်း နိုင်ပွဲရပြီး အိမ်ရှင်မြန်မာအသင်းက ထိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ယခုနှစ်အတွင်း နည်းပြအပြောင်းအလဲအများဆုံး ပြုလုပ်ထားသည့် မြန်မာအသင်းသည် အာရှခြေစစ်ပွဲ အဖွင့်ပွဲတွင်လည်း ရလဒ်မကောင်းဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအများစုတွင် ရလဒ်မကောင်းခဲ့သည့် မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲတွင်လည်း ထိုင်းအသင်းကို အပြန်အလှန် ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဖွင့်ဂိုး ပေးလိုက်ရပြီး နောက်ပိုင်းတွင် ဂိုးများဆက်တိုက်ခွင့်ပြုခဲ့ရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစတွင် ထိုင်းအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ သို့သော် မြန်မာအသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ကစားပုံပျက်သွားသလို ရရှိသည့်

စာမျက်နှာ ၁၁ ကော်လံ ၃ သို့



မြန်မာအသင်းတိုက်စစ်မှူး ရန်နိုင်ထွန်း၏ ထိုးဖောက်မှုကို ထိုင်းနောက်ခံလူ ဖျက်ထုတ်နေစဉ်။

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းဖွဲ့စည်းရန် လူရွေးပွဲ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဖွဲ့စည်းရန် ကျင်းပမည့် သုံးပွင့်ဆိုင်လူရွေးပွဲကို စက်တင်ဘာ ၁၉ ရက် (ယနေ့) နံနက်ပိုင်းတွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် သုံးပွင့်ဆိုင်ခြေစမ်းပွဲ ကစားမည့် အသင်းများကို (က၊ ခ၊ ဂ) ဟူ၍ သုံးသင်းခွဲ ဖွဲ့စည်းထားပြီး သုံးသင်းပတ်လည်စနစ်ဖြင့် ကစားကာ ကစားသမားများ၏ ခြေစွမ်းကို စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။ သုံးပွင့်ဆိုင်လူရွေးပွဲကစားမည့် (က) အသင်းတွင် **ဂိုး**-ဇူးလတ်နဒီ၊ **နောက်တန်း**-နန့်ဇူးဇူးထက်၊ ခင်သန်းဝေ၊ နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ **အလယ်တန်း**-သင်းသင်းယုဝင်းဝင်း၊ မေသူကျော်၊ လဲ့လဲ့လှိုင်၊ ဆွေမာအောင်၊ **ရှေ့တန်း**-ဂျူလိုင်ကျော်၊ (ခ) အသင်းတွင် **ဂိုး**-မေဇင်နွယ်၊ **နောက်တန်း**-အေးအေးမိုး၊ ခင်မျိုးဝင်း၊ ဝေဝေအောင်၊ မေသက်မွန်မြင့်၊ **အလယ်တန်း**-ပုံ့ပုံ့ပြည့်မောင်၊ ငယ်ငယ်ထွေး၊ မြတ်နိုးခင်၊ နွယ်နီဝင်း၊ ခင်မိုးဝေ၊ **ရှေ့တန်း**-စန်းသော်သော်၊ (ဂ) အသင်းတွင် **ဂိုး**-သန္တာဦး၊ **နောက်တန်း**-အိရတနာဖြိုး၊ ဇွန်ယုယဦး၊ ချစ်ချစ်၊ ခင်သဇင်၊ **အလယ်တန်း**-ခိုင်သဇင်ဦး၊ မိုးမိုးသန်း၊ မေဖူးကို၊ ရီရီဦး၊ နုနု၊ **ရှေ့တန်း**-ဝင်းသီဂီထွန်းတို့ ပါဝင်ကြသည်။ လူရွေးပွဲအဖြစ် စက်တင်ဘာ ၁၉ ရက် (ယနေ့) တွင် (က) အသင်းနှင့် (ခ) အသင်း၊

စာမျက်နှာ ၁၁ ကော်လံ ၆ သို့